# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၇)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ ၆-၁၂-၂၀၂၄၊ သောကြာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ရေကူးကန်နှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှု အားပေးကြပြီး ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဦးစွာ မသန်စွမ်းရေကူး(အမျိုးသား/အမျိုးသမီး) မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲတို့၏ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမျှထန်၊ ဒေါက်တာဘရွှေ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ သို့



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအမျိုးသား ထိုင်လျက်ဘော်လီဘောပြိုင်ပွဲ၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၅

| | | | | |
|---|---|---|---|---|
| ဟားခါး | ၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၁၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

## အများအားဖြင့် သာယာမည်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာ ၆ ရက်၊ သောကြာနေ့။

မန္တလေး

## စာဖတ်ခြင်းဖြင့် အတွေးအမြင်များ ကျယ်ပြန့်လာမည်

နိုင်ငံတော်က ကျောင်းသားလူငယ်များ ယခုထက်စာများ ပိုမိုဖတ်ရှုလာနိုင်ရေးအတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပပေးလျက်ရှိသည်။ စာဖတ်ခြင်းဖြင့် အတွေးအမြင်များ ကျယ်ပြန့်လာမည်။ ဗဟုသုတများ တိုးပွားလာမည်ဖြစ်သည်။

လူတိုင်းလူတိုင်း စာဖတ်ဝါသနာပါဖို့အတွက် ပြုစုပျိုးထောင်သင့်သည်။ ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါဟူသော စကားသုံးခွန်းသည် ပညာဗဟုသုတ ရှာဖွေလိုသူတိုင်းအတွက် တိုက်တွန်းထားသော စကားဖြစ်သည်။ တိုးတက်လိုသူတိုင်း စာဖတ်ကြသည်။ စာဖတ်သူတိုင်း တိုးတက်ကြသည်။ ဖတ်ထားသည့် စာတိုင်းကိုလည်း မှတ်သားထားရမည်။ အလွတ်ကျက်သင့်သော စာတိုပေစများကို အလွတ်ကျတ်မှတ်ထားသင့်သည်။ အသိဉာဏ်ဗဟုသုတကြွယ်ဝရန်မှာ စာပေဖတ်ရှုခြင်းသာဖြစ်ပေသည်။ ဖတ်နိုင်မှ မှတ်နိုင်မည်။ မှတ်နိုင်မှ လေ့လာနိုင်မည်။ ဤသုံးခုသည် စက်ဝိုင်းတစ်ခုကဲ့သို့ လည်ပတ်နေသည်။ ကမ္ဘာ့နိုင်ငံအများအပြားကို လေ့လာကြည့်မည်ဆိုပါက စာဖတ်သူများများရှိသော နိုင်ငံသည် တိုးတက်သည်။ ထို့ပြင် လူတစ်ဦးအနေဖြင့် လေ့လာကြည့်လျှင်လည်း ပညာဗဟုသုတတိုးပွားကြီးကျယ်သလောက် ထိုသူ၏ အခြေအနေသည် တိုးတက်ကြီးပွားသည်ကို မြင်တွေ့နိုင်သည်။ စာမဖတ်သူ၊ စာမမှတ်သူ၊ လေ့လာမှုမရှိသူသည် စာဖတ်သူနှင့် ယှဉ်လိုက်လျှင် မိုးနှင့်မြေပမာ ကွာခြားနေမည် ဖြစ်သည်။

စာဖတ်များသူနှင့် စာဖတ်နည်းသူတို့၏ အရည်အသွေးကို လုပ်ငန်းခွင်အတွက် အင်တာဗျူးဖြေဆိုမှုတွင် ကွဲကွဲပြားပြားတွေ့မြင်ရသည်။ ရေးဖြေတွင်လည်းကောင်း၊ နှုတ်ဖြေတွင်လည်းကောင်း အရည်အချင်းကွာခြားသည်။ စာဖတ်ခြင်း၊ မှတ်သားခြင်း၊ လေ့လာခြင်းမရှိသူတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလှသည်။ ရေးဖြေ၊ နှုတ်ဖြေတွင် စိတ်တိုင်းကျ မဖြေဆိုနိုင်သူများကို မည်သည့်ကုမ္ပဏီ၊ လုပ်ငန်းဌာနကမျှ ရွေးချယ်မည်မဟုတ်ပါ။ အများနှင့်ယှဉ်၍ မိမိက နောက်ကျကျန်ခဲ့မည်ဖြစ်သည်။

စာဖတ်ခြင်းသည် ကောင်းမွန်သောအကျင့်၊ အကျိုးထူးသော ဝါသနာဖြစ်သည်။ စာပေသည် အမှောင်ကမ္ဘာမှ လူသားများကို အလင်းကမ္ဘာသို့ ရောက်ရှိအောင် လက်တွဲခေါ်ယူနိုင်သည့် အဖော်မွန်လည်းဖြစ်ပြန်သည်။ လမ်းလျှောက်ရင်း လမ်းပျောက်နေသူများကို ပန်းတိုင်ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်စွမ်းရှိသည်။ ပညာဗဟုသုတအတွက် စာဖတ်ခြင်းအလေ့အထသည် အလွန့်အလွန်အသုံးဝင်သည်။ စာပေဖတ်မှတ်လေ့လာမှုသာ မိမိအတွက် ပညာရရှိမည်ဖြစ်သည်။ ပညာသည် လူ၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသည်မဟုတ်၊ လူ၏စိတ်နေစိတ်ထား၊ အယူအဆများကိုလည်း တိုးတက်စေသည်။ လူ၏ ဆန္ဒအား၊ လုပ်အားကို ပိုမိုတိုးတက်စေသည်။ သိမ်မွေ့စေသည်။ လိမ္မာယဉ်ကျေးစေမည်ဖြစ်သည်။

သို့ဖြစ်ရာ စာအုပ်စာပေ လူ့မိတ်ဆွေဆိုသည့်အတိုင်း စာကောင်းပေကောင်းတို့သည် မိတ်ဆွေကောင်းသဖွယ် အစဉ်အမြဲကူညီနေမည်ဖြစ်သည်။ စာပေအလင်းရောင် မီးရှူးတန်ဆောင်ဆိုသည့်အတိုင်း ကျောင်းသားလူငယ်တိုင်း စာဖတ်ခြင်းဖြင့် အတွေးအမြင်များ ကျယ်ပြန့်လာမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းသား၊ ကျောင်းသူများ တွေ့ဆုံပွဲ ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၅**

ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် ဘာသာရပ်အသီးသီးမှ စတုတ္ထနှစ်၊ ပဉ္စမနှစ်(ဥပဒေပညာ)၊ ဒုတိယနှစ်(ဂုဏ်ထူးတန်း) ကျောင်းသား၊ ကျောင်းသူများ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါ တက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပါမောက္ခချုပ်က ကျောင်းသား၊ ကျောင်းသူများအား ကျောင်းမှန်မှန်တက်ရောက်ရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်ဆင်ကြရန်၊ ဘာသာရပ်ဆိုင်ရာ ပညာရပ်များတိုးတက်ရန် မိမိတို့၏ စာသင်ခန်း၊ ဘာသာရပ်စာကြည့်တိုက်နှင့် တက္ကသိုလ်စာကြည့်တိုက်မှ သင်ယူမှုဝန်းကျင်ကောင်းများ ချဲ့ထွင်သင်ယူကြရန်၊ ရတနာပုံတက္ကသိုလ်စာကြည့်တိုက်တွင် သုတ၊ ရသ၊ ဗဟုသုတ ရရှိနိုင်မည့် စာအုပ်ပေါင်း ၇၀၀၀၀ ခန့်နှင့် e-Library ရှိသည့်အတွက် တက္ကသိုလ်စာကြည့်တိုက်တွင် စာပေလေ့လာဖတ်ရှုကြပါရန် တိုက်တွန်းနိုးဆော်ပါကြောင်းနှင့် ကျောင်းစည်းကမ်းများလိုက်နာရန် ပြောကြားသည်။

ဆက်လက်၍ ဘွဲ့ကြိုစာတမ်းပြုစုတင်သွင်းကြမည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဘာသာရပ် ဌာနမှူးများ၊ စာတမ်းကြီးကြပ်သူ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ စာတမ်းခေါင်းစဉ်၊ စာတမ်းအရည်အသွေးပြည့်မီရေးအတွက် လေ့လာသင်ယူဆွေးနွေးကြရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ဘာသာရပ်အလိုက် မျိုးဆက်သစ်(ပထမနှစ်)ကျောင်းသား၊ ကျောင်းသူများအား အလေ့အကျင့်ကောင်းများဖြင့် ကြိုဆိုကြရန် တိုက်တွန်းပါကြောင်း။ တစ်ဦးချင်းစီက စည်းကမ်းလိုက်နာခြင်းဖြင့် တက္ကသိုလ်၏ ကျက်သရေတင့်တယ်ခြင်းကို ဖော်ဆောင်ကြပါဟု ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များနှင့် စတုတ္ထနှစ်၊ ပဉ္စမနှစ်(ဥပဒေပညာ)၊ ဒုတိယနှစ်(ဂုဏ်ထူးတန်း)ကျောင်းသား၊ ကျောင်းသူ ၈၈၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၀၈၂)

## အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော် ကျင်းပမည်




**ပြင်ဦးလွင် ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် (၁၇)ကြိမ်မြောက် ပန်းပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပန်းပွဲတော်တွင် ပြည်တွင်းမှ ပန်းမျိုးစိတ်များ၊ နိုင်ငံခြားပန်းမျိုးများ၊ သစ်ခွမျိုးရင်းများ၊ ပြည်ပသစ်ခွမျိုးစိတ်များ၊ ပန်းပေါင်းစုံကို အလှဆင်ကာ ပြသသွားမည်ဖြစ်ပြီး ပန်းပွဲတော်နှင့်အတူ နိုင်ငံကျော်အဆိုတော်များ၏ ဂီတဖျော်ဖြေမှုများ၊ ဒေသထွက်ကုန်အရောင်းဆိုင်များ၊ ကုမ္ပဏီများမှ ကုန်ပစ္စည်းမိတ်ဆက်အထူးလျှော့ဈေးအရောင်းဆိုင်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲများကို ပြင်ဦးလွင် အ·ထ·က (၁)တွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် သတ်မှတ်ပြီး ကျင်းပခဲ့ရာ အခြေခံပညာကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၂၇၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် "သုတ၊ ရသ ဝေဝေဖြာ၊ ရာပြည့်တိုင်တဲ့ဥယျာဉ်သာ" "နှစ်(၁၀၀)တိုင်တိုင်ထိန်းသိမ်းလာ ရကွတန်ဖိုးစုံလင်စွာ" "ကန်တော်ကြီး နှစ်(၁၀၀)ရောင်စုံပန်းများ ဝေဝေဖြာ" နှင့် "ရာပြည့်တိုင်ပြီ ဥယျာဉ်တည်" စသည့် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုရရှိသူများအား ထိုက်တန်စွာ ဆုများချီးမြှင့်သွားမည်ဖြစ်ပြီး ဆုရလက်ရာများကို နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် ပန်းပွဲတော်ပြခန်းတွင် ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

၀-၀-၀-၀-၀

## ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရေနံချောင်း ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်အေးမြင့်ငွေက မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ရည်မှန်းချက်များ၊ ကလေးအလုပ်သမား၏ အဓိပ္ပာယ်နှင့် အသက်အရွယ်ကန့်သတ်ချက်၊ အသက်(၁၄)နှစ် မပြည့်သေးသည့် မည်သည့်ကလေးကိုမျှ အလုပ်လုပ်ခွင့်မပြုရ၊ အသက်(၁၄)နှစ်ပြည့်ပြီး မှတ်ပုံတင်ဆရာဝန်၏ ခွင့်ပြု/ထောက်ခံချက်ဖြင့် အလုပ်စေခိုင်းပါက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ အ·ထ·က(၁)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်၊ စာဖတ်ရှိန်မြှင့်တင်ရေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာစောင်များကို ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

(၄၇၂)

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမှ္တဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမှ္တဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။

✪ ရှေ့ဖုံးမှ

ပြိုင်ပွဲယှဉ်ပြိုင်မှုများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက မသန်စွမ်းရေကူးအမျိုးသမီး S6/10 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အမျိုးသား S9/10 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မသန်စွမ်းရေကူး အမျိုးသား S9/10 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက မသန်စွမ်းရေကူး အမျိုးသား S6/7 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား S6/7 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က မသန်စွမ်းရေကူးအမျိုးသား S4/5 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့်ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား S4/5 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် လယ်ဝေး TC-2 အားကစားကွင်း ဘော်လီဘောရုံ၌ မသန်စွမ်း အမျိုးသားထိုင်လျက်ဘော်လီဘော ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်အားကစားသမားများ၏ အကြိတ်အနယ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို လယ်ဝေး TC-2 အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ မသန်စွမ်းရေကူး အမျိုးသား S6/7 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် မသန်စွမ်းရေကူး အမျိုးသား S4/5 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

✪ စာမျက်နှာ ၃ မှ

ဦးစွာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမျိုးသားသံလုံးပစ် F 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသမီးသံပြားပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသားသံလုံးပစ် F 46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားတန်းမြင့်ခုန် F 42 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသားမီတာ ၁၅၀၀ T 46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့်မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသားသံပြားပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသား မီတာ ၂၀၀ T 64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီးသံလုံးပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသမီးမီတာ ၂၀၀ T44/64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားလုံတံပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အမျိုးသားမီတာ ၂၀၀ T46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများဖြစ်သည့် (အမျိုးသား/အမျိုးသမီး)ပြေးခုန်ပစ်ပြိုင်ပွဲ၊ (အမျိုးသား/အမျိုးသမီး) ရေကူးပြိုင်ပွဲ၊ အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲနှင့် (အမျိုးသား/အမျိုးသမီး)မျက်မမြင် စစ်တုရင်ပြိုင်ပွဲများကိုလည်း ဒီဇင်ဘာ ၆ ရက်နှင့် ၈ ရက်တို့တွင် သက်ဆိုင်ရာ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အမျိုးသား မီတာ ၂၀၀ T 64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း အမျိုးသမီးသံလုံးပစ် F44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အမျိုးသားလုံတံပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီး ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားတက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၅

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ်၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနေအိမ်၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီးတို့ တက်ရောက်ကြသည်။




ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Visitstump နှင့် ဇနီး၊ တာဝန်ရှိသူများသည်ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ထိုင်းနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ထိုင်းနိုင်ငံယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ သံအမတ်ကြီးနှင့်ဇနီးတို့က တက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

### တက်ရောက်

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောထွန်းအောင်မြင့်နှင့်ဇနီး၊ ဒေါက်တာဗညားအောင်မိုးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများအလိုက် တည်ရှိပြီး နှစ်နိုင်ငံယန္တရားများမှတစ်ဆင့် ခိုင်မာစေရေးနှင့် နှစ်နိုင်ငံအကျိုးရှိစေမည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အပြုသဘောဆောင် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ တာဝန်ရှိသူများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ နိုင်ငံ၏ဂုဏ်ထူးဆောင်အားကစားသမား လက်ရွေးစင်များ ပေါ်ထွန်းစေရေးနှင့် နိုင်ငံအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို နိုင်ငံတော်၏ ရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ကြိုးပမ်းယှဉ်ပြိုင်ရန်နှင့် အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိခြင်းသည် ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်ပေးရုံသာမက နိုင်ငံ၏အားကစားကဏ္ဍ မြှင့်တင်ရာရောက်ကြောင်း မှာကြားပြီး အားကစားအသင်းများ၏ အဖွဲ့ခေါင်းဆောင်များအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။




ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းက ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်နှင့် ဂေါက်သီးရိုက်စသည့် အားကစားနည်းများ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြင်ဦးလွင်ပန်းမြို့တော်အား အထောက်အကူဖြစ်စေရန်အတွက် ပန်းမျိုးများထုတ်လုပ်ဖြန့်ဖြူး နည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၅

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒိုးကွင်းဥယျာဉ်ခြံကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက ခြံ၏ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ပန်းမြို့တော်ကို အထောက်အကူဖြစ်စေရန်အတွက် ပန်းမျိုးများထုတ်လုပ် ဖြန့်ဖြူးနည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်နှင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လိုသူများအတွက် စံနမူနာကောင်းပေးနိုင်ရေးအတွက် ကွင်းကျယ်ကွင်းပြည့် စိုက်ပျိုးပြသရန်၊ ရေမြေဒေသနှင့်ကိုက်ညီသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံမျိုးကောင်းမျိုးသန့်မျိုးစေ့၊ ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် အတူ စိုက်ပျိုးနည်းပညာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ အပင်တစ်သျှူးနည်းပညာဖြင့် မြန်မာနိုင်ငံရှိ ဆေးဖက်ဝင်သစ်ခွများအား ပွားများထုတ်လုပ်၍ သစ်ခွစိုက်ပျိုးထုတ်လုပ်သူများအား ပညာပေးရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။



ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာ ငှားရမ်းလုပ်ကိုင်လျက်ရှိသည့် Mandalay Coffee Group Co.,Ltd ၏ ကော်ဖီစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်အကြား သဘောတူညီချုပ်ဆိုထားသည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ဒိုးကွင်းကျေးရွာအနီး ရွာထောင်ချောင်းပေါ်တွင် တည်ဆောက်ထားသည့် ဒိုးကွင်းရေလှောင်တမံကို ကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် ဌာနပိုင်ဥယျာဉ်ခြံများ၏ စိုက်ပျိုးရေးလိုအပ်ချက် ဖူလုံစွာပေးဝေနိုင်ရေး၊ တမံများဘေးကင်းလုံခြုံရေးနှင့် ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် စည်သာရေလှောင်တမံ၊ စည်သာရေကူရေလှောင်တမံ၊ ဆင်လမ်းရေလှောင်တမံနှင့် ဒိုးကွင်းရေလှောင်တမံများ၏ ရေသောက်စနစ်များမှ ဒေသ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရေလှောင်တမံများအားလုံးသည် ရေပြည့်အမှတ်အောက် တစ်ပေခန့်စီသာရှိကြောင်း သိရသည်။

သတင်းစဉ်



# မင်းလှမြို့ စည်ပင်သာယာဈေးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေး

မင်းလှ ဒီဇင်ဘာ ၅

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စည်ပင်သာယာမြို့မဈေး၌ မြို့နယ်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအဖွဲ့က ယမန်နေ့နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေးစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းနိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှဌေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်သီတာဝင်း၊ ဈေးကော်မတီဝင်များ ပူးပေါင်း၍ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကျရောက်မှုမရှိစေရန် မီးသတိရှိရေး အထူးဂရုစိုက်ကြရန်နှင့် မီးဘေးလုံခြုံမှုရှိစေရေးတို့အတွက် အပေါ့စားလက်ဆွဲရေစုပ်စက်တပ်ဆင်ထားရှိမှု၊ ဈေးအတွင်း မီးသတ်ဆေးဘူးများ ထားရှိမှုအခြေအနေများ၊ အမြင့်တင်ရေလှောင်ကန်ဂါလန် ၂၀၀၀ ဆံ့သည့်ရေစင်ထားရှိမှုနှင့် ရေပိုက်လိုင်းတပ်ဆင်ထားမှုအခြေအနေများ၊ လျှပ်စစ်မီးသုံးစွဲမှုအခြေအနေများနှင့် မီးစနစ်တကျကိုင်တွယ်သုံးစွဲခြင်းများကို လိုက်လံစစ်ဆေးခဲ့ပြီး မီးဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဈေးကော်မတီဥက္ကဋ္ဌနှင့် ဈေးသူဈေးသားများအား အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စာမျက်နှာ ၂၄ မှ

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံနှင့် သဟဇာတဖြစ်နိုင်မည့် ဖက်ဒရယ်စနစ်ကျင့်သုံးနိုင်ရေးအတွက် လေ့လာတွေ့ရှိချက်များနှင့် မတူကွဲပြားမှုများကို နားလည်လက်ခံပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ညှိနှိုင်းဖြေရှင်းသွားနိုင်ရေး၊ ဒေသစွဲ၊ လူမျိုးစွဲ၊ အယူဝါဒစွဲများ ပပျောက်ပြီး အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးဝါဒများ ထွန်းကားလာစေရေး၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့မှုအခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများနှင့် ဆွေးနွေးမှုအခြေအနေများ၊ NCA ကိုအခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုအခြေအနေ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပြည်သူလူထုအကြားပျံ့နှံ့ရောက်ရှိစေပြီး တည်ငြိမ်အေးချမ်းမှုရရှိအောင်ဆောင်ရွက်နိုင်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်မှန်းချက်နှင့် ဆွေးနွေးပွဲအစီအစဉ်များ၊ NSPNC ၏ဖွဲ့စည်းမှု၊ ရည်မှန်းချက်၊ မျှော်မှန်းချက်နှင့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲဆောင်ရွက်မှုအခြေအနေများ၊ NSPNC နှင့်နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ၊ နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းလာစေရေးနှင့် ပါတီဝင်များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေး ကိစ္စတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် နိုဝင်ဘာလပထမပတ်အတွင်း အိန္ဒိယနိုင်ငံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲခရီးစဉ် သွားရောက်ခဲ့သည့် နိုင်ငံရေးပါတီကိုယ်စားလှယ်ခြောက်ဦးက အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနှင့်အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍ၊ ဖက်ဒရယ်ပြည်ထောင်စု ပြန်လည်ဖွဲ့စည်းခြင်း၊ ဖက်ဒရယ်အာဏာခွဲဝေမှုနှင့် အခွန်အခခွဲဝေမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒေသတွင်း အတွေ့အကြုံများ၊ ဒေသတွင်းကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်၊ ခေတ်မီနိုင်ငံတစ်ခုအတွင်း ဘာသာစကား၊ အခြားကွဲပြားမှုများနှင့် လိုက်လျောညီထွေနေထိုင်ခြင်းခေါင်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း) က ကော်မတီနှင့် နိုင်ငံရေးပါတီအစုအဖွဲ့များ၏ အလုပ်အဖွဲ့တို့အကြား ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေး သဘောထားစုစည်းရရှိခဲ့သည့် အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက်တက်ရောက်လာသည့် နိုင်ငံရေးပါတီကိုယ်စားလှယ် ၁၅ ဦးက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ သဘောထားများ၊ အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြပြီး တွေ့ဆုံပွဲပထမနေ့ကို ရပ်နားခဲ့သည်။ တွေ့ဆုံပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသားကန်တော်ကြီးဥယျာဉ် ရာပြည့်အထိမ်းအမှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဆွေးနွေး

ပြင်ဦးလွင် ဒီဇင်ဘာ ၅

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ သစ်တောဦးစီးဌာန ဧည့်ရိပ်သာ၌ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်မြို့ကို ပန်းမြို့တော်ဖြစ်စေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရေး အမျိုးသားကန်တော်ကြီးဥယျာဉ် စိမ်းလန်းသာယာလှပရေး၊ သစ်တောမြေများကို စနစ်တကျစီမံအုပ်ချုပ်ရေး ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ မှာကြားပြီး မြန်မာ့သစ်လုပ်ငန်း ပြင်ဦးလွင်သစ်ထုတ်ရေး ဒေသရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် လိုအပ်သည်များကိုညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တွေ့ဆုံ၍ အမျိုးသားကန်တော်ကြီးဥယျာဉ် သာယာလှပရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ် ရာပြည့်အထိမ်းအမှတ်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် မြေတိုင်းဦးစီးဌာန မြန်မာနိုင်ငံမြေတိုင်းကျောင်းသို့သွားရောက်၍ သင်တန်းသားများနှင့်တွေ့ဆုံကာ သင်တန်းမှ ပို့ချသော စာတွေ့လက်တွေ့ သင်ခန်းစာများ ကြိုးစားလေ့လာ သင်ကြား၍ မိမိတို့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက်အသုံးချနိုင်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနခရိုင်ရုံးများသို့ သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကောင်းမွန်သောသဘာဝပတ်ဝန်းကျင်ရရှိရေး၊ မီးခိုးမြူငွေ့လျော့ချရေး၊ သစ်တောဖုံးလွှမ်းမှု ကောင်းမွန်စေရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများ စောင့်ရှောက်ရေး၊ တရားမဝင်သစ်တားဆီးကာကွယ်ရေး၊ လူထုသို့အသိပညာပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားပြီး သစ်တောဦးစီးဌာနခရိုင်ရုံးအတွင်း သီးနှံသစ်တောရောနှောစိုက်ပျိုးထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တပ်ကုန်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

တပ်ကုန်း ဒီဇင်ဘာ ၅

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (MRTV)၌ ကျင်းပသည်။

ဦးစွာ တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (MRTV)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ကိုယ်ကျင့်တရားခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် တတ်ရောက်လာသူများက ခင်းကျင်းပြသထားသည့် သုတရသစာအုပ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ၏ အဆိုအမိန့်နံရံကပ်စာစောင်များအား လေ့လာကြည့်ရှုကြကြောင်း သိရသည်။

တင့်တင့်ခိုင်



## မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရ

နေပြည်တော် ဒီဇင်ဘာ ၅

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်အထိ ကျင်းပသည့် (၁၉) ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အဆိုပြုတင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" စာတွဲအား ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)တွင် ပါဝင်နိုင်ရေး တရားဝင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင် မြန်မာနိုင်ငံမှ တင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးတရားဝင် ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။



ထိုကဲ့သို့ ပါဝင်နိုင်ရန်အတွက် ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့်ပတ်သက်သော အချက်အလက်များ၊ မြန်မာပြည်သူလူထု၏ ပြောကြားချက်များ(Communities' Statement)၊ အတာသင်္ကြန်ဆင်နွှဲမှု ရိုးရာဓလေ့ဆိုင်ရာ ရုပ်သံမှတ်တမ်းဗီဒီယိုဖိုင်များ ပါဝင်သောအဆိုပြုစာတွဲ (Nomination File)ကို UNESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကော်မတီ (Committee of Intangible Cultural Heritage) သို့ ပေးပို့တင်သွင်းခဲ့သည်။ တင်သွင်းသည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စုစည်းဆောင်ရွက်မှုများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ လူမှုအဖွဲ့အစည်း (NGO)များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ မီဒီယာနှင့် ဆိုရှယ်မီဒီယာသုံးစွဲသူများ၊ မြန်မာ့ရိုးရာအမွေအနှစ်ကို အမြတ်တနိုးတန်ဖိုးထားသည့် ပြည်သူများနှင့် သက်ဆိုင်ရာပညာရှင်/အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။

"မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းတွင် ပါဝင်ခြင်းအားဖြင့် ပုဂံခေတ်ကာလမှ ယနေ့အထိ ခေတ်အဆက်ဆက်မှ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာတို့၏ "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"ကို ကမ္ဘာက ပိုမိုသိရှိလာခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများကို ပိုမိုဆွဲဆောင်လာနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်ခြင်း၊ မျိုးဆက်သစ်နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက် ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်း တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## BTS အဖွဲ့ခေါင်းဆောင် RM ကို ကမ္ဘာကျော်စာပေဆုတို့၏ ပထမဆုံး Korean Judge အဖြစ်ခန့်အပ်


ဘီတီအက်စ်အဖွဲ့ခေါင်းဆောင် အာရ်အမ်(ခေါ်)ကင်နမ်ဂျွန်ကို ကမ္ဘာကျော်စာပေဆု Booker Prize ၏ ပထမဆုံးသော Korean Judge အဖြစ် ခန့်အပ်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အာရ်အမ်သည် ကိုရီးယားစာပေကို အများဆုံးကူညီထောက်ပံ့ပေးနိုင်သူတစ်ဦးဖြစ်ကာ၊ အာရ်အမ် ညွှန်းဆိုသောစာအုပ်များကို ကမ္ဘာတစ်ဝန်းစာဖတ်သူများ ဖတ်ရှုလေ့ရှိကြသည်ကို တွေ့ရသည်။

အာရ်အမ်သည် တောင်ကိုရီးယားကျောင်းများတွင် ဖြန့်ရန် SK art books ပုံနှိပ်ရာ၌ ငွေများစွာလှူဒါန်းထားပြီး သူ၏ညွှန်းဆိုထားသောစာအုပ်များကို စာကြည့်တိုက်နှင့် ကမ္ဘာတစ်ဝန်းစာအုပ်ဆိုင်များတွင် ပြသထားကာ၊ ဂီတဖန်တီးရာတွင် အာရ်အမ်ကိုးကားခဲ့သောစာအုပ်များရောင်းချမှုတိုးမြှင့်ခဲ့ကာ သူဖတ်သောစာအုပ်များ ပရိသတ်ကြားရေပန်းစားပြီး စာကြည့်တိုက်များတွင် ဝမ်သန်းချီလှူဒါန်းထား၍ စာပေကဏ္ဍတွင် အရေးပါသူဖြစ်ခဲ့သည်။

**SKY**



## အရေပြားပေါ်တွင် အဆင့်မြင့်ကပ်ခွာကပ်ထားခြင်းဖြင့် သွေးဖိအားကို စဉ်ဆက်မပြတ် တိုင်းတာပေးနိုင်မည်

လူတို့၏သွေးဖိအားအတက်အကျပုံမှန်ရှိနေမှ ကျန်းမာမည်ဖြစ်ပြီး သွေးတိုးခြင်းနှင့်သွေးကျခြင်းကြောင့် အချိန်မသင့်လျှင် အသက်အန္တရာယ်ကိုပင် ထိခိုက်စေလိမ့်မည်ဖြစ်သည်။

အထူးသဖြင့် သွေးတိုးရောဂါသည် ယနေ့ခေတ်တွင် လူကြီးများကိုသာမက လူလတ်ပိုင်းများကိုပါ တိုးမြှင့်ခြိမ်းခြောက်လာလျက်ရှိသည်။

သို့ဖြစ်ရာ သွေးတိုးရောဂါရှိသူများအနေဖြင့် ၎င်းတို့၏နေ့စဉ်သွေးပေါင်ချိန်အတက်အကျနှင့်ပတ်သက်၍ သတိချပ်နေကြရလေသည်။

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားဆန်ဒီယေဂိုတက္ကသိုလ်မှသုတေသီများသည် သွေးအတက်အကျကိုစောင့်ကြည့်ပေးနိုင်မည့် အဆင့်မြင့်ကပ်ခွာတစ်မျိုးကို မကြာသေးမီကဖန်တီးပြုလုပ်ခဲ့ကြသည်။

အရေပြားပေါ်တွင် ထိုကပ်ခွာကပ်ထားခြင်းဖြင့် သွေးဖိအားကို စဉ်ဆက်မပြတ်တိုင်းတာပေးနိုင်မည်ဖြစ်ကြောင်းသိရသည်။

**SCI**

## Dallas Buyers Club မိတ်ကပ် ဘတ်ဂျက် ၂၅၀ နှင့် အော်စကာဆုရရှိထား

ဟောလိဝုဒ်ရုပ်ရှင် Dallas Buyers Club အတွက် မိတ်ကပ်ဘတ်ဂျက်မှာ အော်စကာဆုရရှိခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ကို ဘတ်ဂျက်ငွေအနည်းငယ်နှင့်ပင် အဆင်ပြေသလို ရိုက်ကူးထားသော်လည်း ယင်းဇာတ်ကား မိတ်ကပ်ဖန်တီးရှင်များ အော်စကာဆုရှိခဲ့ကြသည်။




ယင်းဇာတ်ကားနှင့် အကောင်းဆုံး ဆံပင်ဖန်တီးမှုနှင့်မိတ်ကပ်ဆုကို အော်ဒရေတာလီနှင့်ရိဘင်မက်သရူးတို့က အော်စကာဆုပေးပွဲ ဆုစာရင်းဝင်၍ ဆုရရှိခဲ့ကြသည်။

အနုပညာအရည်အသွေးမြင့်မားမှုနှင့်အတူ မိတ်ကပ်၊ ဆံပင်ဖန်တီးရှင်များ၏ ပံ့ပိုးကူညီမှုမှာလည်း ဇာတ်ရုပ်ကိုပိုမိုတက်ကြွစေခဲ့၍ အော်စကာဆုဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

**SKY**



## GOT 7 မှ Jinyoung က Unknown Seaul တွင် ပါဝင်မည်

ဂေါ့ဆဲဗင်းအဖွဲ့ပြိုကွဲသွားပြီးနောက် ဂျင်ယောင်းသည် သင်တန်းတက်နေရာမှပြီးဆုံးခဲ့၍ Unknown seoul တွင် ပါဝင်ရိုက်ကူးသွားမည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကို နာမည်ကြီးဒါရိုက်တာပတ်ရှင်ဝူးက ရိုက်ကူး၍ ပတ်ဘိုယောင်း၊ မင်းသားရူကွမ်ဆိုတို့နှင့်အတူ ဂေါ့သ်ဆဲဗင်းအဖွဲ့ဝင်ဟောင်းဂျင်ယောင်းပါဝင်သွားမည် ဖြစ်သည်။

ယင်းဇာတ်ကားတွင် တောနှင့်မြို့တွင်နေထိုင်သော အမြွှာညီအစ်မနှစ်ဦးတို့အကြောင်း ကိစ္စတစ်ခုကြောင့် နေထိုင်မှုပြောင်းလဲနေထိုင်သွားသည့်အကြောင်း ရိုက်ကူးထားခြင်းဖြစ်သည်။

ဂေါ့သ်ဆဲဗင်းအဖွဲ့ဝင်ဟောင်းသည် အဖွဲ့ပြိုကွဲပြီးနောက် သရုပ်ဆောင်လောကသို့ ဝင်ရောက်ခဲ့ရာမှ သင်တန်းတက်ပြီးနောက် အနုပညာသရုပ်ဆောင်လောကသို့ ပြန်လည်ခြေချခဲ့ခြင်းဖြစ်ကာ တစ်ကိုယ်တော်ဂီတကပွဲများပြုလုပ်ရန်လည်း စီစဉ်နေပြီဖြစ်သည်။

**SKY**



## Shah Rukh Khan ကို လူငယ်တစ်ဦးက တွေ့ရှိရန် ၉၅ ရက်စောင့်ခဲ့

ဘောလိဝုဒ်ဘုရင်ဟု တင်စားခံရသည့်ရှာရွတ်ခန်ကို တွေ့ရှိရန်အတွက် သူ့အိမ် Mannat ရှေ့တွင် နယ်မှလူငယ်တစ်ဦး ၉၅ ရက်တိတိစောင့်ခဲ့ရာမှ ရှာရွတ်ခန်က လက်ခံတွေ့ဆုံခဲ့ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါနယ်မှ လူငယ်သည် မွန်ဘိုင်းနှင့် မိုင် ၁၅၀၀ ဝေးသည့် ဂျာရာဟတ်ဒေသမှဖြစ်ပြီး အဆောင်ငှားနေကာ ရှာရွတ်ခန်ကို တွေ့ရန် ၉၅ ရက်တိတိ အလုပ်ရှာ၍ စောင့်နေခဲ့ရာမှ မီဒီယာတွင် ပျံ့နှံ့ခဲ့ပြီး နိဝင်ဘာ သုံးရက်နေ့တွင် ရှာရွတ်ခန်ကအိမ်တွင် ထမင်းကျွေး၍ ဆယ်မိနစ်ခန့်တွေ့ဆုံခဲ့သည်။

ရှာရွတ်ခန်ကသူ့ကို စွဲလမ်းချစ်ခင်မှုအတွက် ကျေးဇူးတင်သော်လည်း တန်ဖိုးရှိလှသည့် ငယ်ရွယ်နုပျိုမှုအချိန်နှင့်အင်အားများကို မဖြုန်းတီးရန် လူငယ်လေးကို ဆုံးမ၍ အမှတ်တရဓာတ်ပုံရိုက်ပြီး အိမ်ပြန်ရန် လေယာဉ်လက်မှတ်ဝယ်ပေးခဲ့သည်။

**SKY**

## Wulei ကို Top Mortocycle Brand, VOGE ၏ ပထမဦးဆုံးသံတမန်ခန့်အပ်

တရုတ်အနုပညာရှင် ဝူလိန်ကို Top Mortocycle ကုန်အမှတ်တံဆိပ် VOGE ၏ကမ္ဘာလုံးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ပထမဦးဆုံး သံတမန်အဖြစ်ခန့်အပ်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

ဝူလိန်ကို အဆိုပါကုန်အမှတ်တံဆိပ်က လူငယ်အနုပညာရှင်တစ်ဦးကို ကြိုဆိုကြောင်း ဆိုင်ကယ်စီးသူတစ်ဦးအဖြစ်လည်း မြင်တွေ့လိုကြောင်း ပြောကြားသွားခဲ့သည်။



ဝူလိန်သည် ကလေးသရုပ်ဆောင်ဘဝနှင့် အနုပညာလောကသို့ ဝင်ရောက်ခဲ့ပြီး Justice Bao (ပေါင်ချိန်ကား)တွင်ပါဝင်ခဲ့ကာ အနုပညာခရီးတွင် အောင်မြင်မှုများစွာ သိမ်းပိုက်ထားသူဖြစ်သည်။

ဝူလိန်သည် အားလပ်ချိန်များတွင် တောင်တက်ခြင်း၊ စက်ဘီးစီးခြင်းတို့ကို ဝါသနာပါသည့်အလျောက် လုပ်ကိုင်လေ့ရှိပြီး Top Mortocycle ၏ သံတမန်ဖြစ်လာ၍ မော်တော်ဆိုင်ကယ်စီးပြိုင်ပွဲဝင်အဖြစ် မြင်တွေ့ရမည်ဟု ပရိသတ်မျှော်လင့်နေကြသည်။

**SKY**



## Moana 2 ဇာတ်ဝင်တေးကို Twice မှ Nayeon သီဆိုထား

တွိုက်စ်အဖွဲ့ဝင် နာယွန်က Moana 2 ၏ ဇာတ်ဝင်တေးကို သီဆိုရန်အတွက် ဒစ်စနေးနှင့် တိုင်ပင်ဆွေးနွေးခဲ့ပြီးဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ဝင်တေးသီဆိုသူက ဒစ်စနေး ကိုရီးယားဘက်မှ တရားဝင်ထုတ်ပြန်ထားရာ ABCD +Me+Kite+Rubbit ဆိုသည့်ပုံများနှင့် ပဟေဠိပေးထားသည်။

ပရိသတ်များက ABCD ဆိုသည်မှာ နာယွန်၏ comeback song ဖြစ်ပြီး(me)ဆိုသည်မှာ Na(Kite) ဆိုသည်မှာ Yeon ဖြစ်ပြီး ယုန်လေးမှာနာယွန်၏ emoji ဖြစ်သည်ဟု ဖော်ထုတ်ထားကြသည့်အပြင် တွိုက်စ်အဖွဲ့ဝင်နာယွန်၏ဂီတသစ် I Am Nayeon ကိုလည်း အားပေးထားကြသည်။

**SKY**

## အိန္ဒိယအာကာသသုတေသနအဖွဲ့(ISRO) ဥရောပအာကာသအေဂျင်စီ၏ Proba-3 ဂြိုဟ်တုများ တင်ဆောင်ထားသည့် PSLV-C59 ဒုံးပျံယာဉ်ကို အောင်မြင်စွာ လွှတ်တင်



**နယူးဒေလီ ဒီဇင်ဘာ ၅**

အိန္ဒိယနိုင်ငံ၏ အာကာသအေဂျင်စီဖြစ်သည့် အိန္ဒိယအာကာသ သုတေသနအဖွဲ့ (ISRO) သည် ဥရောပအာကာသအေဂျင်စီ၏ Proba-3 ဂြိုဟ်တုများတင်ဆောင်ထားသည့် PSLV-C59 ဒုံးပျံယာဉ်ကို ယနေ့ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း အိန္ဒိယ အာကာသ သုတေသနအဖွဲ့က အတည်ပြုပြောကြားသည်။

လွှတ်တင်မှုကို တောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဆီရီ ဟာရီကိုတာဒေသ ဆာတစ်ဒါဝမ် ဒုံးကျည်ပစ်လွှတ်ရေးစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

PSLV-C59 ဒုံးပျံပေါ်တွင် တင်ဆောင်ထားသည့် Proba-3 မစ်ရှင်၏ ဂြိုဟ်တုနှစ်စင်းသည် လွှတ်တင်ပြီး မိနစ်အနည်းငယ်အကြာတွင် ၎င်းတို့၏ သက်ဆိုင်ရာ ဂြိုဟ်ပတ်လမ်းကြောင်းများအတွင်းသို့ အောင်မြင်စွာ ရောက်ရှိခဲ့ကြောင်း အိန္ဒိယအာကာသ သုတေသနအဖွဲ့က လူမှုကွန်ရက် ပလက်ဖောင်း အိတ်စ်တွင် ရေးသားထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အောင်ကျော်ကျော်**

၀-၀-၀-၀-၀

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



**အမေရိကန် အာကာသစူးစမ်းလေ့လာရေးအဖွဲ့ အကြီးအကဲအဖြစ်ခန့်အပ်ရန် ဒေါ်နယ်လ်ထရမ့်၏ လျာထားခြင်းခံရသော စက်တင်ဘာလက အခကြေးငွေပေးပြီး အာကာသထဲလမ်းထွက်လျှောက်ခဲ့သည့် အသက် ၄၁ နှစ်အရွယ် နည်းပညာ သန်းကြွယ်သူဌေး ဂျရက်အိုက်ဇက်မန်းကို တွေ့ရစဉ်။** Mon

## ပြင်သစ်ပါလီမန်မှ ထွက်ပေါ်လာသောမဲရလဒ်အရ မိချဲလ်ဘာနီယာ ဦးဆောင်သည့်အစိုးရ နုတ်ထွက်ရမည်

**ပဲရစ် ဒီဇင်ဘာ ၅**

လက်ရှိ ပြင်သစ်အစိုးရအပေါ် အယုံအကြည်မရှိအဆိုတင်သွင်းကာ ပါလီမန်တွင် မဲခွဲဆုံးဖြတ်ပြီးနောက် ထွက်ပေါ်လာသောမဲရလဒ်အရ မိချဲလ်ဘာနီယာ ဦးဆောင်သည့်အစိုးရ နုတ်ထွက်ရတော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သမ္မတ အီမန်နျူယယ်မာခရွန် ခန့်အပ်ထားသော ထိုဝန်ကြီးချုပ် ဦးဆောင်ဖွဲ့စည်းခဲ့သည့်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးကိစ္စများ အကောင်အထည်မဖော်ရသေးမီ နုတ်ထွက်ရတော့မည့်သဘောပင် ဖြစ်သည်။

လူမှုဖူလုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ ပြင်သစ်ပါလီမန်ရှိ အမတ်အများစုနှင့် ပြင်ပ လက်ဝဲ၊ လက်ယာနှစ်ဖက်နိုင်ငံရေးအင်အားစုများက လက်မခံသည့် အနေအထားမျိုးသို့ ရောက်ရှိသွားရာမှ ဝန်ကြီးချုပ် မိချဲလ်ဘာနီယာ ဦးဆောင်သောအစိုးရ အယုံအကြည်မရှိအဆို တင်သွင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Mon



## မက္ကဆီကိုနိုင်ငံ၌ လုံခြုံရေးနှင့်စစ်ဆေးရေးတင်းကျပ် နယ်စပ်၌ ဖင်တနိုင်းလ်အမြောက်အမြား သိမ်းဆည်းရမိ



**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၅**

၂၀၂၄ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲအပြီးတွင် အနိုင်ရသူ ဒေါ်နယ်လ်ထရမ့်က တရားမဝင် နယ်စပ်ဖြတ်ကျော် နိုင်ငံကူးပြောင်းလာသူများကို ဌာနေနိုင်ငံများသို့ ပြန်ပို့မည်ဟု သတိပေးခဲ့သည်။

ထိုသတိပေးမှုသည် မက္ကဆီကိုနိုင်ငံနှင့် တိုက်ရိုက်ပတ်သက်နေသဖြင့် မက္ကဆီကိုအစိုးရဘက်က လုံခြုံရေးနှင့်စစ်ဆေးရေးတင်းကျပ်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုသို့တင်းကျပ်နေသော အကျိုးရလဒ်ကြောင့် ယမန်နေ့က နယ်စပ်၌ ဖင်တနိုင်းလ်မူးယစ်ဆေးဝါးအမြောက်အမြား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

Mon



## အသက် ၇၄ နှစ်အရွယ် ခိုမ ထူးဆန်းစွာ ဥအုသဖြင့် တောရိုင်းတိရစ္ဆာန်သုတေသီများ စံချိန်သစ်မှတ်တမ်းတင်

**ဝါရှင်တန် ဒီဇင်ဘာ ၅**

မကြာသေးမီက ဟာဝိုင်ယီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောထဲမှ အသက် ၇၄ နှစ်အရွယ် ခိုမတစ်ကောင် ထူးဆန်းစွာ ဥအုသဖြင့် အမေရိကန်တောရိုင်းတိရစ္ဆာန်သုတေသီများ စံချိန်သစ်မှတ်တမ်းတင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါခိုမသည် ၂၀၂၁ ခုနှစ်က နောက်ဆုံးဥအုသားပေါက်ခဲ့ပြီး ယခုနောက်တစ်ကြိမ် ဥအုခဲ့ခြင်းဖြစ်သည်ဟု ထိုသုတေသီများ အဆင့်ဆင့်စောင့်ကြည့်မှတ်တမ်းတင်ခဲ့ကြသည်။

ယခင်မှတ်တမ်းများအရ အသက်အကြီးဆုံး ဥအုနိုင်သော ခိုမတစ်ကောင်၏ အသက်မှာ ၄၅ နှစ်ဖြစ်သည်ဟု ဆိုသည်။

ယင်းခိုမျိုးစိတ်မှ ပေါက်ဖွားလာသော ခိုများသည် အသက် ၁၂ နှစ်မှ နှစ် ၄၀ အထိသာ အလွန်ဆုံးအသက်ရှင်နိုင်ကြသည်။

ထိုသက်တမ်းကို နှစ်ဆခန့် ကျော်လွန်လာသည့်တိုင် အသက် မသေဘဲ ဆက်လက်မျိုးပွားနေဆဲဖြစ်သော ခိုမ၏ထူးခြားဆန်းကြယ်မှုကို သိပ္ပံပညာရှင်များ စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

Mon

## လူဦးရေ ၁ သန်းခန့်နေထိုင်သော ဟာမာမြို့ပြင်တွင် ဆီးရီးယားတပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များ တိုက်ခိုက်နေ

**ဒမတ်စကတ် ဒီဇင်ဘာ ၅**

အလက်ပိုမြို့၏တောင်ဘက် မိုင် ၇၀ ခန့်အကွာရှိ လူဦးရေ ၁ သန်းခန့်နေထိုင်သော ဟာမာမြို့ပြင်တွင် ဆီးရီးယားတပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များ တိုက်ခိုက်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သူပုန်တပ်ဖွဲ့များက အင်အားစုစည်းကာ ဟာမာမြို့ကို သိမ်းပိုက်ရန်ကြံ့ရွယ်ထားသော်လည်း ဆီးရီယားအစိုးရတပ်မတော်ဘက်က ကောင်းစွာခုခံနိုင်ရုံသာမက မြို့၏မြောက်ဘက်သို့ ရောက်သည်အထိ သူပုန်အင်အားစုများကို တိုက်ထုတ်နိုင်ခဲ့ကြောင်း ဆီးရီးယားအစိုးရက သတင်းထုတ်ပြန်သည်။

ဆီးရီးယားသမ္မတ အာဆတ်က သူပုန်တပ်ဖွဲ့များကို အပြတ်အသတ်ချေမှုန်းတိုက်ခိုက်သွားမည်ဟု ယမန်နေ့က ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

Mon




STOP AIDS



## ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့တော်တစ်နေရာတွင် ဓားထိုးတိုက်ခိုက်မှုဖြစ်ပွား လူနှစ်ဦး ဒဏ်ရာရရှိ

**ကင်ဘာရာ ဒီဇင်ဘာ ၅**

ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့တော်တစ်နေရာတွင် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ဓားထိုးတိုက်ခိုက်မှုဖြစ်ပွားရာ လူနှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အဓိကသံသယရှိသူကို ရဲအရာရှိများက သေနတ်ဖြင့်ပစ်ခတ်လိုက်သဖြင့် ဆေးရုံတွင်သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မြို့လယ်စာကြည့်တိုက်အနီးရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဓားကိုင်ဆောင်ထားသော အမျိုးသားတစ်ဦး အရက်ပုလင်းခိုးယူပြီး ထွက်ပြေးသွားသည်ဟု တိုင်တန်းလာသဖြင့် ရဲအရာရှိများ ချက်ချင်းသွားရောက်ခဲ့ရာ ၎င်းကို ကုန်စုံဆိုင်တစ်ဆိုင်ထဲ၌ တွေ့ရှိခဲ့သည်။

ဓားကိုင်ဆောင်ထားသော ထိုသံသယရှိသူကို အသာတကြည်အဖမ်းခံရန် ရဲအရာရှိများက အမိန့်ပေးသော်လည်း ငြင်းဆန်ခဲ့ရာမှ ပစ်ခတ်ဖမ်းဆီးရန် ကြိုးစားခဲ့ရကြောင်း ကနေဒါရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဓားထိုးတိုက်ခိုက်ခံရသူ နှစ်ဦး၏ဒဏ်ရာမှာ အသက်အန္တရာယ်စိုးရိမ်ရလောက်အောင် မပြင်းထန်ကြောင်း သိရသည်။

Mon

0-0-0-0-0

## ဈေးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၅၉)ရှိ ပြည်ကျော် ဈေးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်ပြီး စစ်ဆေးခြင်း၊ အကြံပြုအသိပညာပေးခြင်းများအား ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်ပြီး စစ်ဆေးခြင်း၊ အကြံပြုအသိပညာပေးခြင်းများအား ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးသိန်းမင်းထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မီးသတ်ရေလှောင်ကန်နှင့် မီးသတ်ဆေးဘူးများထားရှိမှုအပြင် ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရမည့်အချက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၅၇)



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**အောင်လံ ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ယမန်နေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အပတ်စဉ် တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်မသုံးစွဲရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး Campaign များ ဆောင်ရွက်လျက်ရှိရာ အဖွဲ့ပိုင် မြို့မဈေးကြီး၌ အဆိုပါ Campaign အား ပြုလုပ်ခဲ့ပြီး၊ အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင် အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ စည်ပင်ကော်မတီများ၊ စုစုပေါင်း ရှစ်ဦးတို့မှ ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မိုင်းခုတ်မြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ နိုဝင်ဘာ ၃၀ ရက် ညနေ ၅ နာရီက မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့၊ နားလည်ကျေးရွာအနီးတွင် လုံးမူမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ၄င်းထံမှ ဘိန်းဆီခဲ အလေးချိန် ၄၅၀ ဂရမ်အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၆ နာရီတွင် ရှဲဖအား မိုင်းဆတ်မြို့နယ်၊ မိုင်းခုတ်မြို့၊ ထူးဒေါ်ကျေးရွာရှိ ၄င်း၏နေအိမ်ခြံဝင်းအတွင်းမှ ဘိန်းဖြူအလေးချိန် ၁ ဒသမ ၄ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် လုံးမူ(၂၅)နှစ်နှင့် ရှဲဖ(၃၀)နှစ်တို့အား မိုင်းခုတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*







## တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဒီဇင်ဘာ ၃ ရက် ညနေ ၅ နာရီက တာချီလိတ်မြို့၊ ပါဆပ်ရပ်ကွက်ရှိ စိုင်းရှုန်ဝမ်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၈၀၀၀၊ အိုက်စ် (မက်သ်အဖက်တမင်း) အလေးချိန် ၁၆ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းရှုန်ဝမ်း(၃၅)နှစ်အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့နယ်၊ ဟိုခိုကျေးရွာအနီးတွင် ယာလော မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့ရသဖြင့် ယာလော(၃၀)နှစ်အား ဝမ်ပုံနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

**မူးယစ်ဘေး တိုက်ဖျက်ကြ။**

## နွားထိုးကြီးမြို့တွင် လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူလေးဦး သေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့တွင် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူလေးဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦးအား ဆက်သွယ်မေးမြန်းခဲ့ရာ အကြမ်းဖက်သမားများသည် ဒေသကောင်းစားရေးဟုသုံးနှုန်း၍ အမှန်တကယ်တွင် လက်နက်အားကိုးဖြင့် ၄င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသူများအား ရက်ရက်စက်စက်သတ်ဖြတ်၊ နှိပ်စက်ခြင်းများနှင့် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများက သိရှိလာပြီဖြစ်သဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ အစွန်းရောက်လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ ပြည်သူများစိုးရိမ်ထိတ်လန့်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုအကြား သွေးကွဲစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့်သတင်းများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့အား ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၅

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒုစရိုက်မှုများ လျော့နည်းပပျောက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးတို့အတွက် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် အွန်လိုင်းနည်းပညာများအသုံးပြု၍ ပြစ်မှုကျူးလွန်သူများအား ခြေရာခံအတည်ပြုကာ တရားခံများ ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။



တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အားဖျင် (ခ)စောက်ရီချုံပါ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦး၏ မှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်သူများအား ဖမ်းဆီးရမိမှုမှ CZ 75 D 9MM အမျိုးအစားပစ္စတိုသေနတ်တစ်လက်၊ ကျည်ရှစ်တောင့်၊ Beretta 9MM အမျိုးအစားပစ္စတိုသေနတ်တစ်လက်၊ ကျည်ခုနစ်တောင့်၊ Type-81 အမျိုးအစားသေနတ်နှစ်လက်၊ ကျည်အိမ်သုံးခု၊ ကျည်တောင့် ၄၀၊ ၄၀ မမ ပြောင်းတစ်ခု သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နောင်ပဟီးကျေးရွာရှိ နေအိမ်တစ်လုံး၌ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများ ပူးပေါင်းကာ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် အဆိုပါနေအိမ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေစစ်ဆေးခဲ့ရာအဆိုပါ နေအိမ်အတွင်း၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ ချိန်လှ(၃၀)နှစ်ပါ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့နယ်နေ အားဖျင် (ခ)စောက်ရီချုံ (၃၅)နှစ်ပါ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့အား အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်း ပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာမျိုးစုံ ၂၆ လုံး၊ ဆက်စပ်ပစ္စည်း ၂၆ မျိုး၊ Star Link တစ်စုံ၊ ဖုန်းမျိုးစုံအလုံး ၁၃၀ နှင့် CZ 75 D 9MM အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ကျည်ရှစ်တောင့်၊ Beretta 9MM အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ကျည်ခုနစ်တောင့်၊ Type-81 အမျိုးအစား သေနတ်နှစ်လက်၊ ကျည်အိမ် သုံးခု၊ ကျည်တောင့် ၄၀၊ ၄၀ မမ ပြောင်းတစ်ခု၊ စကားပြောစက် ခြောက်လုံး၊ ဆိုင်ကယ်နှစ်စီး၊ မီးစက်တစ်လုံး၊ WiFi စက်သုံးလုံး၊ DONG FENG ခြောက်ဘီးယာဉ် တစ်စီးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိသူ ချိန်လှပါ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အားဖျင် (ခ) စောက်ရီချုံပါ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး တန့်ယန်းမြို့မရဲစခန်း၌ အီလက်ထရောနစ်ဆက်သွယ်ရေးဆိုင်ရာဥပဒေပုဒ်မ ၃၃(က) ဖြင့်လည်းကောင်း၊ လဝကအက်ဥပဒေပုဒ်မ ၁၃(၁)ဖြင့် လည်းကောင်း အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



တန့်ယန်းမြို့နယ်၌ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့အား အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်၌ အွန်လိုင်းအသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ချိန်လှပါ အမျိုးသား ၁၈ ဦး၏ မှတ်တမ်းဓာတ်ပုံ။

## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၅

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်း စစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း သတင်းရရှိမှု ၅၆ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၁၃ ကြိမ်၊ နောက်ကျသတင်း တစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၄၂ ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၇၇




မှုဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၅၅ မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် (၁၆၇၈ ဒသမ ၅၀၁) သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် ယာဉ်များအပါအဝင် လိုင်စင်မဲ့ရေယာဉ်နှင့် လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း သတင်းပေး တိုင်ကြားခဲ့သည့် တာဝန်သိ ပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးငွေကျပ် (၁၆၇၈ ဒသမ ၅၀၁)သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ်(၃၃၅ ဒသမ ၇၀၀)သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း-၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်း နံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၅

ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေသည်။

မိုး/ဇလ

စာအုပ်စာပေ လူ့မိတ်ဆွေ

# နိုင်ငံတကာ အားကစား သတင်းများ



## ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ဖရီးကစ်မှ ဂိုးသွင်းယူနိုင်သည့် အသက်အကြီးဆုံးကစားသမားအဖြစ် အက်ရှ်လေယန်းမှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၅**

အဲဗာတန်အသင်းနောက်ခံ ကစားသမား အက်ရှ်လေယန်း အသက်(၃၉နှစ်)သည် ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် ဖရီး ကစ်မှ ဂိုးသွင်းယူနိုင်သည့် အသက်အကြီးဆုံးကစားသမား အဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ် အဖြစ် အဲဗာတန်အသင်းက ဝုဖ် အသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်း အတွက် ဖရီးကစ်သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား အက်ရှ်လေယန်းသည် အဲဗာတန် အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အထိ ပြိုင်ပွဲစုံ ၄၈ပွဲကစားကာ ၂ဂိုးသွင်းယူပြီး ခြေစွမ်းပြထား သည်။

အက်ရှ်လေယန်းက "ကျွန်တော် အခုလို မှတ်တမ်းကောင်း တစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုမှတ်တမ်း တွေနဲ့ အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွား မှာပါ"ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

## ဘောလုံးသတင်းအတိုအထွာများ

* လီဗာပူးအသင်း ဝါရင့်တိုက်စစ်မှူး စာလာအား ခေါ်ယူမည်ဖြစ်သော သတင်းများမှာ မဟုတ်မမှန်ကြောင်း ပီအက်စ်ဂျီအသင်း ဥက္ကဋ္ဌ အယ်လ်ခီလိုင်ဖီက ထုတ်ဖော်ပြောကြားခဲ့သည်။

* ပရီးမီးယားလိဂ်ပွဲစဉ်တွင် ချဲလ်ဆီးအသင်းက ဆောက်သမ်တန်အသင်းအား ၅ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြ မာရက်စ်ကာက ယခုပွဲစဉ်တွင် ကစားသမားများ၏ ခြေစွမ်းကို အားရကျေနပ်မိကြောင်း၊ ဂိုးပြတ်အနိုင်ရရှိခဲ့သည့်အတွက်လည်း အလွန်ကျေနပ်မိကြောင်း ပြောကြားခဲ့သည်။

* ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အက်စတွန်ဗီလာအသင်းသည် ဘရန့်ဖို့ဒ်အသင်းအား ၃ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၅ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့သည်။

(NGB)

## မာလန်အား ယူရို သန်း ၃၀ ရရှိလျှင် ဒေါ့မွန်အသင်းက ရောင်းချမည်

**ဒေါ့မွန် ဒီဇင်ဘာ ၅**

ဒေါ့မွန်အသင်းသည် အသင်း တိုက်စစ်မှူး မာလန်အား ယူရို သန်း ၃၀ ရရှိလျှင် ရောင်းချသွား မည် ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် လီဗာပူး၊ဘာစီ လိုနာအသင်းနှင့် ဥရောပကလပ် အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တိုက်စစ်မှူး မာလန်သည် ဒေါ့မွန်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံး ရာသီအထိ ပြိုင်ပွဲစုံ ၁၂၇ပွဲကစား ပြီး ၃၈ဂိုး သွင်းယူကာ ခြေစွမ်း ပြထားသည်။

ဒေါ့မွန်အသင်းကလည်း မာလန်အတွက် ၎င်းတို့သတ်မှတ် သည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်း နှင့် ဘာစီလိုနာအသင်းတို့အနေ ဖြင့် ဒေါ့မွန်အသင်းသတ်မှတ်ထား သည့် ပြောင်းရွှေ့ကြေးအတိုင်း မာလန်အား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)



## မန်ချက်စတာယူနိုက်တက်အသင်းအား ၄ပွဲဆက် အနိုင်ရရှိသည့် ပထမဆုံး အာဆင်နယ်နည်းပြအဖြစ် အာတီတာမှတ်တမ်းဝင်

**လန်ဒန် ဒီဇင်ဘာ ၅**

အာဆင်နယ်အသင်းနည်းပြ အာတီတာသည် မန်ချက်စတာယူ နိုက်တက်အသင်းအား ၄ပွဲဆက် အနိုင်ရယူနိုင်သည့် အသင်းပထမ ဆုံးနည်းပြအဖြစ် စံချိန်မှတ်တမ်း ဝင်ခဲ့သည်။

အဆိုပါ နည်းပြသည် ပရီး မီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင် နယ် အသင်းက မန်ချက်စတာယူ နိုက်တက်အသင်းအား နှစ်ဂိုး၊ ဂိုး မရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အား ကိုင်တွယ်ပြီးနောက် ယခုလို မှတ် တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

နည်းပြ အာတီတာသည် အာဆင်နယ်အသင်းအား ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလက စတင်ကိုင် တွယ်ပြီး ပြိုင်ပွဲစုံ ၂၅၃ပွဲကစား အပြီးတွင် ပွဲ ၁၅၀နိုင်၊ ၄၃ပွဲသရေ၊ ပွဲ ၆၀ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယား လိဂ်ပွဲစဉ် ၁၄ပွဲကစားအပြီးတွင် ရမှတ် ၂၈မှတ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်ခဲ့သည်။

(ဝဲပုံ) (NGB)



## ဘိုနီဖေ့စ် လေဗာကူဆင်အသင်းနှင့် ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**မြူးနစ် ဒီဇင်ဘာ ၅**

လေဗာကူဆင်အသင်းသည် အသင်းတိုက်စစ်မှူး ဘိုနီဖေ့စ်အား ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လေဗာကူဆင် အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ အထိ ပြိုင်ပွဲစုံ ၄၉ပွဲကစားပြီး ၂၉ ဂိုး သွင်းယူကာ ခြေစွမ်းပြ ထားသည်။

လေဗာကူဆင်အသင်းထုတ် ပြန်ချက်တွင် "ဘိုနီဖေ့စ်အား ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုး စာချုပ် ချုပ်ဆိုသွားမှာပါ။ သူဟာ အသင်းအတွက် ကစား သမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်း မှာ ပျော်ရွှင်နေပါတယ်။ သူအနေ နဲ့လည်း အသင်းကို အောင်မြင်မှု တွေ ရရှိအောင် စွမ်းဆောင်ပေး နိုင်လိမ့်မယ်လို့လည်း ယုံကြည် ပါတယ်"ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



## နီကိုရိုဖာဂီအိုလီအား ခေါ်ယူရန် ပရီးမီးယားလိဂ် ကလပ်အသင်းများ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဒီဇင်ဘာ ၅**

ပရီးမီးယားလိဂ်ကလပ်အသင်း များဖြစ်သည့် အက်စတွန်ဗီလာ အသင်း၊ ဖူလ်ဟမ်အသင်းနှင့် စပါးအသင်းတို့သည် ဂျူဗင်တပ် အသင်း ကွင်းလယ်ကစားသမား နီကိုရိုဖာဂီအိုလီအား ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ယခု နှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၅ပွဲကစားပြီး ခြေစွမ်းပြထား သည်။

ဂျူဗင်တပ်အသင်းကလည်း နီကိုရိုဖာဂီအိုလီအတွက် ပြောင်း ရွှေ့ကြေး စတာလင်ပေါင် ၂၉သန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် အက် စတွန်ဗီလာအသင်း၊ ဖူလ်ဟမ် အသင်းနှင့် စပါးအသင်းတို့အနေ ဖြင့် ဂျူဗင်တပ်အသင်းထံမှ နီကို ရိုဖာဂီအိုလီအား မည်သည့်အသင်း က လက်ဦးမှုရရှိအောင် ခေါ်ယူ နိုင်မည်လားဆိုသည်မှာ စိတ်ဝင် စားဖွယ်စောင့်ကြည့်ရမည် ဖြစ် သည်။

(အောက်ပုံ) (NGB)



### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၁၉)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇–၁၂–၂၀၂၄ | (၂)ဘန်လေ – မစ်ဒယ်ဘရော့(၅) | ဘန်လေ ၃–၁ မစ်ဒယ်ဘရော့ | ဘန်လေ(အိမ်) | ၈ | ၅ | ၃ | – | ၁၂ | ၂ |
| နံနက်၀၂:၃၀နာရီ | (D,W,W,W,W) (W,W,W,L,W) | မစ်ဒယ်ဘရော့ ၁–၂ ဘန်လေ | မစ်ဒယ်ဘရော့(ဧည့်) | ၈ | ၄ | ၁ | ၃ | ၁၇ | ၁၀ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၁၄)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇–၁၂–၂၀၂၄ | (၃)အင်တာမီလန် – ပါမား(၁၁) | အင်တာမီလန် ၂–၂ ပါမား | အင်တာမီလန်(အိမ်) | ၇ | ၄ | ၂ | ၁ | ၁၆ | ၉ |
| နံနက်၀၀:၀၀နာရီ | (D,W,W,D,W) (D,L,W,L,W) | ပါမား ၁–၂ အင်တာမီလန် | ပါမား(ဧည့်) | ၆ | ၁ | ၄ | ၁ | ၈ | ၈ |
| ၇–၁၂–၂၀၂၄ | (၂)အတ္တလန္တာ – အေစီမီလန်(၇) | အတ္တလန္တာ ၃–၂ အေစီမီလန် | အတ္တလန္တာ(အိမ်) | ၆ | ၅ | – | ၁ | ၂၀ | ၈ |
| နံနက်၀၂:၁၅နာရီ | (W,W,W,W,W) (L,W,D,D,W) | အေစီမီလန် ၁–၁ အတ္တလန္တာ | အေစီမီလန်(ဧည့်) | ၆ | ၂ | ၂ | ၂ | ၁၀ | ၁၀ |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၁၄)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇–၁၂–၂၀၂၄ | (၄)လိုင်လီ – ဘရက်(၁၁) | လိုင်လီ ၁–၀ ဘရက် | လိုင်လီ(အိမ်) | ၆ | ၃ | ၂ | ၁ | ၁၀ | ၈ |
| နံနက်၀၀:၃၀နာရီ | (W,D,D,W,D) (W,L,L,L,W) | ဘရက် ၁–၁ လိုင်လီ | ဘရက်(ဧည့်) | ၆ | ၁ | – | ၅ | ၆ | ၁၅ |
| ၇–၁၂–၂၀၂၄ | (၈)အော်ဇေး – PSG(၁) | အော်ဇေး ၁–၂ PSG | အော်ဇေး(အိမ်) | ၆ | ၅ | – | ၁ | ၁၂ | ၅ |
| နံနက်၀၂:၃၀နာရီ | (D,W,W,W,L) (W,W,W,W,D) | PSG ၅–၀ အော်ဇေး | PSG(ဧည့်) | ၆ | ၄ | ၂ | – | ၁၆ | ၆ |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၁၆)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇–၁၂–၂၀၂၄ | (၁၂)ဆဲလ်တာဗီဂို – မာယော့ကာ(၆) | ဆဲလ်တာဗီဂို ၀–၁ မာယော့ကာ | ဆဲလ်တာဗီဂို(အိမ်) | ၈ | ၄ | ၂ | ၂ | ၁၃ | ၉ |
| နံနက်၀၂:၃၀နာရီ | (L,W,D,D,L) (D,L,L,W,W) | မာယော့ကာ ၁–၁ ဆဲလ်တာဗီဂို | မာယော့ကာ(ဧည့်) | ၇ | ၄ | – | ၃ | ၉ | ၈ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်–၁၃)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၇–၁၂–၂၀၂၄ | (၉)စတုဂတ် – ယူနီယံဘာလင်(၁၁) | စတုဂတ် ၂–၀ ယူနီယံဘာလင် | စတုဂတ်(အိမ်) | ၆ | ၃ | ၁ | ၂ | ၁၅ | ၉ |
| နံနက်၀၂:၀၀နာရီ | (W,D,L,W,D) (D,L,D,L,L) | ယူနီယံဘာလင် ၀–၃ စတုဂတ် | ယူနီယံဘာလင်(ဧည့်) | ၆ | ၁ | ၂ | ၃ | ၃ | ၆ |

# ကြက်သွန်စိုက်တောင်သူများ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး ဓာတ်မြေဩဇာများ ပေးအပ်



**မိတ္ထီလာ ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ဆပ်ခင်းပေါက်ကျေးရွာရှိ ကြက်သွန်စိုက် တောင်သူများ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး ဓာတ်မြေဩဇာများ ပေးအပ်ပွဲကို ယမန်နေ့က ကန်သာကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းဟောင်းအနီး တောင်သူနည်းပညာပေးရုံးတွင် ပေးအပ်သည်။

ပေးအပ်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စန္ဒာလင်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်နိုင်အေးက မြို့နယ်အတွင်း စိုက်ပျိုးသီးနှံများ သတ်မှတ်လျာထားချက် ပြည့်မီရေးနှင့် စိုက်ပျိုးထားရှိသည့် စိုက်ပျိုးဧကများ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ကြက်သွန်စိုက်သီးနှံ စိုက်ပျိုးမှု သတ်မှတ်လျာထားချက် ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး ကြက်သွန်စိုက်တောင်သူများအား ကြက်သွန်စိုက်ခင်းများတွင် ဓာတ်မြေဩဇာများ ထည့်သွင်းအသုံးပြုရာတွင် သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးရာ ဆပ်ခင်းပေါက်ကျေးရွာရှိ ကြက်သွန်စိုက်ပျိုးဧက ၅၀ အတွက် ဓာတ်မြေဩဇာများ သတ်မှတ်ဈေးနှုန်းတိုင်းလာရောက်ပေးအပ်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က ဆပ်ခင်းပေါက်ကျေးရွာရှိ ကြက်သွန်စိုက်ပျိုးဧက ၅၀ အတွက် ဓာတ်မြေဩဇာ အိတ် ၅၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါင်ဝဲပုံ)**

(၄၆၉)



# ညောင်ဦးမြို့နယ်တွင် ကြက်ခြေနီသင်တန်း ဖွင့်လှစ်

**ညောင်ဦး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဦးစီး၍အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ပံ့ပိုးမှုဖြင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စွမ်းရည်မြှင့်မားရေးအထောက်အကူပြု Joint Awareness Session သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၉နာရီက ညောင်ဦးမြို့နယ်၊ သီရိပစ္စယာဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် တိုင်းဒေသကြီးကြက်ခြေနီနည်းပြများ၊ ညောင်ဦးမြို့နယ်ကြက်ခြေနီအသင်း(ခွဲ) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြင်းခြံနှင့် ညောင်ဦးမြို့နယ်မှ ကြက်ခြေနီစေတနာလုပ်အားရှင် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ သင်တန်းသား၊ သင်တန်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီနည်းပြများက ဒီဇင်ဘာ ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၀၄၅)

၀-၀-၀-၀-၀-၀



# မြင်းမူဒေသမှ ထွက်ရှိလာသည့် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေး၊ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းသီးနှံဈေးကွက်သို့ မြင်းမူဒေသမှ ထွက်ရှိလာသည့် မုန်လာဥဖြူများ ဝင်ရောက်လာပြီး ဈေးကွက်အတွင်း အရောင်းအဝယ်များ ကောင်းနေကြောင်း မန္တလေးမြို့ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

လက်ရှိအချိန်တွင် မန္တလေးမြို့ ကုန်စိမ်းသီးနှံဈေးကွက်အတွင်းသို့ မြင်းမူဒေသမှ ထွက်ရှိလာသည့် မုန်လာဥဖြူများသည် နေ့စဉ် ခြောက်ဘီးကား အစီးရေ လေးစီးမှ ငါးစီးခန့် ပုံမှန်ဝင်ရောက်နေကြောင်း၊ အဆိုပါ မုန်လာဥဖြူများသည် ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာကာ ယခုလက်ရှိ ဈေးနှုန်းများမှာ အတွဲ ၄၀ ပါ တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀ ဈေးတို့ဖြင့် အရောင်းအဝယ် ဖြစ်နေကြသည်။

"မုန်လာဥဖြူက မြင်းမူဒေသနယ်ဘက်တွေကပဲ ထွက်ရှိတယ်။ ဈေးတက်ပြီးတော့ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ မြင်းမူဒေသက စိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ မုန်လာဥဖြူတွေ ဈေးကွက်အတွင်းကို နေ့စဉ်လှိုင်လှိုင် ဝင်ရောက်လာပါတယ်။ တောင်ပေါ်ဒေသဘက်တွေက ထွက်ရှိမှုနည်းသေးတယ်။ စိုက်ပျိုးမှုတွေက ယခင်ထက်စာရင် နည်းလာပါတယ်။ ဒါပေမယ့် ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ကျန်တဲ့သီးနှံများဖြစ်တဲ့ ခရမ်းချဉ်၊ ဂေါ်ဖီ၊ အာလူး၊ ဘူးသီး၊ ဗိုလ်စားပဲ၊ ကြက်ဟင်းခါးသီး၊ မုန်ညင်းဖြူ၊ ခါကြက်ဥနဲ့ ကြက်သွန်နီစတဲ့ သီးနှံတွေလည်း အရောင်းအဝယ်တွေ ကောင်းနေပါတယ်"ဟု ၄င်းက ပြောသည်။

အဆိုပါ မုန်လာဥဖြူများကို လက်ရှိအချိန်တွင် မြင်းမူနယ်ဒေသတစ်ဝိုက်တို့မှ အဓိကထားစိုက်ပျိုးကြပြီး ထွက်ရှိလာကြောင်း၊ ယင်းသီးနှံသည် ဆယ့်နှစ်လရာသီ ထွက်ရှိသော သီးနှံမျိုးဖြစ်၍ တောင်သူများအတွက် အကျိုးဖြစ်ထွန်းသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီ အထိဖွင့်လှစ်၍ ရောင်းချပေးနေကြောင်း သိရသည်။

**(အပေါ်ပုံ)**

(၀၇၃)

# ပလင်္ဂါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စကားရည်လုပြိုင်ပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စကားရည်လုပြိုင်ပွဲကို ကျင်းပသည်။

အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးမျိုးဆန်းလင်းက "ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အတန်းစဉ်အလိုက် ဘက်စုံထူးချွန်ထက်မြက်ပြီး ဗလငါးတန်နဲ့ပြည့်စုံတဲ့ လူငယ်လူရွယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်များဖြင့် အခြေခံပညာအထက်တန်းအဆင့် စကားရည်လုပြိုင်ပွဲကို ပြုလုပ်ပေးရခြင်းဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။

အဆိုပါ စကားရည်လုပြိုင်ပွဲသို့ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက တစ်ဖွဲ့လျှင် ငါးဦးနှုန်းဖြင့် အဆိုအဖွဲ့လေးဖွဲ့နှင့် အချေလေးဖွဲ့ခွဲကာ ဆောင်းရာသီက နွေရာသီထက် ပိုကောင်းတယ်၊ စာဖတ်ခြင်းက ခရီးသွားခြင်းထက် ပိုကောင်းတယ် ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိမည့် အဖွဲ့မှ ကျောင်းသား၊ ကျောင်းသူများကို ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျင်းပမည့် ပညာရေးစုံညီပွဲတော် အခမ်းအနား၌ ဆုများကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၀၅၆)



# ခရိုင်ကိုးခရိုင်၌ ဆောင်းနှမ်းစိုက်ဧက ၄၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မန္တလေး ဒီဇင်ဘာ ၅**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၉ ခရိုင်၌ ဆီထွက်သီးနှံဖြစ်သော ဆောင်းနှမ်းစိုက်ဧက ၄၉၀၀၀ ကျော်ကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



အဆိုပါ ဆောင်းနှမ်းကို တိုင်းဒေသကြီးအတွင်း ခရိုင် ၉ ခရိုင်ရှိ မြို့နယ် ၁၉ မြို့နယ်တွင် စိုက်ဧက ၇၃၄၄၇ ကို စက်တင်ဘာလမှစ၍ စိုက်ပျိုးဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ ဆောင်းနှမ်းစိုက်ဧက ၄၉၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့်ဧကများကို ဆက်လက်စိုက်ပျိုးနေကြောင်း၊ စိုက်ပျိုးသည့်အခါတွင်လည်း ခရိုင်အလိုက် ဆောင်းဆီထွက်သီးနှံဖြစ်သော ဆောင်းနှမ်းများကို စိုက်ပျိုးနေခြင်းဖြစ်သည်။

အဆိုပါ ဆောင်းနှမ်းသီးနှံကို တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် စိုက်ပျိုးကြကြောင်း၊ ယင်းခရိုင်များမှာ ကျောက်ဆည်ခရိုင်တွင် ၁၃၄၈၅ ဧက၊ ညောင်ဦးခရိုင်တွင် ၂၅၂၃ ဧက၊ တံတားဦးခရိုင်တွင် ၁၄၉၈၈ ဧက၊ ပြင်ဦးလွင်ခရိုင်တွင် ၇၅ ဧက၊ မိတ္ထီလာခရိုင်တွင် ၁၉၇၀ ဧက၊ မြင်းခြံခရိုင်တွင် ၂၂၁၃၄ဧက၊ ရမည်းသင်းခရိုင်တွင် ၂၅၀၀ ဧက၊ သပိတ်ကျင်းခရိုင်တွင် ၁၀၆၅၁ ဧက၊ အောင်မြေသာစံခရိုင်တွင် ၅၁၂၁ ဧကစသည့် ခရိုင်များတွင် ဆောင်းဆီထွက်သီးနှံဖြစ်သော ဆောင်းနှမ်းလျာထားစိုက်ဧက စုစုပေါင်း ၇၃၄၄၇ ဧကကို စိုက်ပျိုးဆောင်ရွက်နေကြောင်းသိရသည်။

**(ဝဲပုံ)**

(၀၇၃)



## အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)ဖွင့်ပွဲအခမ်းအနား ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ တောင်ကြီး-ဟိုပုံး လမ်း၊ နောင်လေကျေးရွာအုပ်စုရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)ကျောင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ဇော်မင်းလတ်၊ ပြည်နယ်သယံဇာတ ရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ညွှန်ကြားရေးမှူးချုပ်(နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန) ဒေါက်တာဌေးသွင်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)ကျောင်းအုပ်ကြီး ဒေါက်တာကျော်သူထက်တို့က အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး)ဖွင့်ပွဲ အခမ်းအနားအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကြီး)ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး) ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။ အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကြီး)စုဝေးခန်းမ၌ အစိုးရနည်းပညာအထက်တန်းကျောင်း (ပင်းပက်)ကျောင်းသား၊ ကျောင်းသူများမှ မင်္ဂလာပါတေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ကြီး) ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အဖွင့်အမှာစကားပြောကြားပြီးနောက် အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး)မှ ကျောင်းသား၊ ကျောင်းသူများမှ နောင်အင်းလေး၊ ခမ်းရင်သား၊ GTI သီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကြီး) ပင်မ(၃)ထပ်ဆောင်ရှိ Library ခန်း၊ Science Lab ခန်း၊ စာသင်ခန်း၊ Drawing ခန်း၊ Computer ခန်းများနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကြီး)ရှိ စက်မှုအင်ဂျင်နီယာ၊ မြို့ပြအင်ဂျင်နီယာနှင့် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ အလုပ်ရုံများသို့ လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)

*-*-*-*-*

## မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကျင်းပ၊ လုပ်ငန်း(၁၉၈)ခု မှတ်ပုံတင်ခွင့်ပြု

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကို နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ် ၂၅ လမ်းနှင့် ၈၂ လမ်း၊ ထောင့်ရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးပြန်ကြားရေးမှူး ဦးဝင်းဗိုလ်က မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်များမှ မှတ်ပုံတင်လျှောက်ထားသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးနိုင်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနခရိုင်ဦးစီးမှူးများက လုပ်ငန်းဆိုင်ရာများကို တင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသို့ မှတ်ပုံတင်လျှောက်ထားသော စားသောက်ကုန်လုပ်ငန်း၊ လူသုံးကုန်လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းအပါအဝင် လုပ်ငန်း (၁၉၈)ခုအား မှတ်ပုံတင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ဝ၄၅)



## စာဖတ်ရှိန်မြင့်မားရေးနှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေး စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ စာဖတ်ရှိန်မြင့်မားရေးနှင့်အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေး ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပသည်။

ပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်သည့် အလေ့အကျင့်များရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့်အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေး၊ ဗလငါးတန်နှင့်ပြည့်စုံရေး စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပခဲ့ရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်းနှင့် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် သဘာဝဘေးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

စုစုအေး(ကျောက်ဆည်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## မင်းတဲကုန်းကျေးရွာတွင် မိုးစပါး (YSR-1) စံကွက်ရိတ်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက် ၉နာရီက ကဖြူကျေးရွာအုပ်စု၊ မင်းတဲကုန်းကျေးရွာ ဦးပိုင်အမှတ်(၄၄/၁)၊ ကွင်းအမှတ်(၇၃၃)ရှိ တောင်သူဦးဇော်ဝင်း၏ မိုးစပါး(YSR-1) စိုက်ဧက ၅ ဧကတွင် ရိတ်သိမ်းသည်။

မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားတွင် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးတို့က ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် မိုးစပါးများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် မိုးစပါးစံကွက်ရိတ်သိမ်းမှုအခြေအနေတို့အား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကဖြူကျေးရွာအုပ်စု မင်းတဲကုန်းကျေးရွာရှိ တောင်သူ ဦးဇော်ဝင်း၏ စိုက်ဧက ၅ ဧကရှိ မိုးစပါး YSR-1 မျိုးစပါးကို ရိတ်သိမ်းခဲ့ရာ မိုးစပါးမိုးစပါး(YSR-1) စိုက်ဧက တစ်ဧက စပါးတင်း (အစို) ၉၃ ဒသမ ၇၅ တင်း ထွက်ရှိသည်။

အဆိုပါမိုးစပါး(YSR-1) စံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)

(၄၆၉)

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပြည်တွင်းသုံး ကျွန်းစားတော်ပဲ ဈေးမြင့်တက်လာ၊ ကုလားပဲအုပ်စု စားသုံးမှုလျော့ကျနေ

ပြည်တွင်းသုံးကျွန်းစားတော်ပဲဈေးမြင့်တက်လာသော်လည်း ကုလားပဲစားသုံးမှုလျော့ကျနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ဒီဇင်ဘာတွင် ဆောင်းသီးနှံရာသီစာများပေါ်ချိန်တွင် ပြည်တွင်းသုံးကုလားပဲများ စားသုံးမှုလျော့ကျလော့ရှိသည်။

ပဲနှမ်းဈေးကွက်အတွင်း တရုတ်နိုင်ငံမှ ဝင်ရောက်သည့် ကနေဒါစားတော်ပဲ အဝင်မရှိတော့သောကြောင့် ပြည်တွင်းကျွန်းစားတော်ပဲ ဈေးဆက်တိုက်မြင့်တက်လာရာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း၊ကုလားပဲအုပ်စုမှာလည်း စားသုံးမှုလျော့ကျလာရာ ဈေးနှုန်းအတက်အကျ အနည်းငယ်ရှိနေကြောင်း၊ ပို့ကုန်ပဲတွေကတော့ ဈေးကျဆင်းနေပြီး လာမည့် ပဲသစ်ရာသီမှာသာ အရောင်းအဝယ်ကောင်းလာမည်ဖြစ်ကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)ပိုင်ရှင်က ပြောသည်။

"ဒီရက်ပိုင်း ဈေးကျဆင်းသွားတဲ့ကုလားပဲအုပ်စု အနည်းငယ်ပြန်ဈေးတက်လာပါတယ်။ ကုလားပဲတစ်အိတ်ကို ငွေကျပ် ၁၀၀၀၀ လောက် ဈေးကျသွားတာကနေ အခုအနည်းငယ် ဈေးပြန်တက်လာတယ်။ မြေပဲဆန်တွေလည်း ဆီစက်သမားတွေ အဝယ်သွက်နေပါတယ်။ ပို့ကုန်ပဲတွေကတော့ ဈေးကျဆင်းနေပါတယ်။ ကနေဒါစားတော်ပဲကတော့ တရုတ်နိုင်ငံက အဝင်မရှိတော့ ပြည်တွင်းကျွန်းစားတော်ပဲ ဈေးတက်လာပါတယ်။တစ်အိတ်ကို ငွေကျပ် ၄၈၀၀၀၀ အထိ တက်လာတာပါ။ လက်ရှိဈေးထက်တော့ ဆက်မတက်နိုင်တော့ပါဘူး။ ဒီဇင်ဘာလအတွင်းမှာက ဆောင်းရာသီစာတွေ ပေါ်နေချိန်မှာ ပြည်တွင်းသုံးကုလားပဲတွေ စားသုံးမှုတွေက ကျဆင်းလော့ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ဒီဇင်ဘာ ၅ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်း(အညာ)တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ပေါက်ဈေးရှိလာပြီး ဈေးကျဆင်းပြီး အဝယ်အေးနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အဝယ်အေးနေရာ ဒီဇင်ဘာ ၅ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၉၃၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၉၇၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၂၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးငြိမ်နေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၆၀၀-၈၈၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ အရောင်းအဝယ်ပြန်သွက်လာရာ ဒီဇင်ဘာ ၅ ရက်တွင် နှမ်းနက်(စမုန်) ၄၅ပိဿာတစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀၀၊ အက်စစ်လွတ်တစ်အိတ်လျှင် ငွေကျပ် ၆၇၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၃၀၀၀၀၊ နှမ်းဖြူ(ဗမာ) ၄၅ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀ အသီးသီး ပေါက်ဈေးရှိနေရာ နှမ်းအမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ကျော် ဆက်လက်မြင့်တက်လာကြောင်း သိရသည်။

**ရွှေမန်း**

*-*-*-*-*-*-*





## ဆောင်းဖရဲသီးများ တရုတ်နိုင်ငံသို့ တင်ပို့နေသော်လည်း ဈေးကောင်းမရရှိသေး

မြန်မာနိုင်ငံမှ ဆောင်းဖရဲသီးများ တရုတ်နိုင်ငံသို့ တင်ပို့နေသော်လည်း ဈေးကောင်းမရှိ သေးကြောင်း ပွဲရုံများထံမှ သိရသည်။

ပြည်တွင်းဖရဲသီးများ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ဒီဇင်ဘာလဆန်းပိုင်းမှစတင်ကာ တစ်စီး၊ နှစ်စီး စတင်ဝင်ရောက်တင်ပို့နေရာ ဖရဲတစ်တန်လျှင် ယွမ်ငွေ ၂၅၀၀ ခန့်သာ ဈေးရရှိနေကြောင်း၊ ဖရဲသီးတင်ပို့မှုမှာလည်း ကားတစ်စီးစာ စိုက်ခင်းကုန်ကျငွေနှင့် တင်ပို့စရိတ်မှာ ငွေကျပ် သိန်း၂၆၀ နီးပါးကုန်ကျကြောင်း၊ လက်ရှိ တင်ပို့မှုမှာ နယ်စပ်ဒေသများတွင် စိုက်ပျိုးသည့် ရှမ်းဖရဲသီးများသာ တင်ပို့လျက်ရှိကြောင်း ခွာညိုပွဲရုံထံမှ သိရသည်။

"လက်ရှိမှာတော့ နယ်စပ်က စိုက်ပျိုးတဲ့ ရှမ်းဖရဲသီးတွေ စတင်ဝင်ရောက်နေပါတယ်။ အသီးပေါက်ဈေးနဲ့ တင်ပို့စိုက်ပျိုးစရိတ်က တောင်သူတွေ အဆင်မပြေသေးဘူး။ တင်ပို့စရိတ်ကလည်း ကားတစ်စီးစာကို ငွေကျပ် သိန်း ၂၆၀ နီးပါးလောက် ကုန်ကျနေတာပါ။ လက်ရှိ တစ်တန်ပေါက်ဈေးက ၂၅၀၀ ယွမ်သာပေါက်ဈေးရှိပါတယ်။ ပြည်တွင်းက ဖရဲသီးတွေကတော့ တင်ပို့နိုင်ခြင်းမရှိသေးပါဘူး။ လက်ရှိပေါက်ဈေးကတော့ ဖရဲတောင်သူတွေအတွက် အဆင်မပြေသေးပါဘူး"ဟု ၎င်းက ပြောသည်။

လက်ရှိ ဖရဲသီးတင်ပို့မှုမှာ တရုတ်နယ်စပ်ဂိတ် မိုင်းလား-တာလော့မှတစ်ဆင့် တင်ပို့နေခြင်းဖြစ်ရာ ကားတစ်စီးစာ စိုက်ခင်းကုန်ကျငွေကျပ် သိန်း ၁၀၀ အပါအဝင် တင်ပို့မှုအထွေထွေ၊ အခွန်စရိတ်များမှာ ငွေကျပ် စုစုပေါင်း သိန်း ၂၆၀ ခန့် ကုန်ကျနေပြီး လက်ရှိ ဖရဲတစ်တန်ပေါက်ဈေးမှာ တစ်တန်လျှင် ငွေကျပ် ၁၅၆၂၅၀၀ သာ ပေါက်ဈေးရှိနေပြီး ငွေဈေးတစ်ယွမ်လျှင် ၆၂၅ကျပ်ပေါက်ဈေးရှိနေသည်။

ပြည်တွင်း ဖရဲစိုက်ပျိုးသူများအနေဖြင့် တရုတ်နိုင်ငံနယ်စပ်သို့ ဖရဲသီးတင်ပို့မည်ဆိုပါက လက်ရှိကုန်ကျစရိတ်ထက် ပိုမိုကုန်ကျနိုင်ပြီး အသီးဈေးကောင်းမရရှိသေးခင်ဖြစ်သောကြောင့် တင်ပို့ရန် မဖြစ်နိုင်သေးဘဲ ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနေရသည်။

လက်ရှိ ဖရဲသီးတင်ပို့နေသည့် မိုင်းလား-တာလော့နယ်စပ်ဂိတ်မှာ လမ်းခရီးကြာမြင့်ခြင်းကြောင့် အသီးအရည်အသွေးကျဆင်းနိုင်သဖြင့် တင်ပို့သည့်တောင်သူများအနေဖြင့် ကုန်ကျစရိတ်များကာမိအောင် တွက်ခြေကိုက်သည့် အသီးပေါက်ဈေးမဟုတ်သဖြင့် တင်ပို့နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**ရွှေမန်း**

## ပြည်တွင်းစားသုံးမှုများသည့် ဆန်အမျိုးအစားများ ရည်ညွှန်းဈေးအတိုင်းရောင်းချရန် ထပ်မံနှိုးဆော်

ပြည်တွင်းစားသုံးမှုများသည့် ဆန်အမျိုးအစားများဖြစ်သော ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်းတို့ကို စားသုံးသူရေးရာဦးစီးဌာန၏ ရည်ညွှန်းဈေးများအတိုင်းရောင်းဝယ်ရန်နှင့် ဆန်ဈေးကွက် ဈေးနှုန်းများသင့်တင့်မျှတစေရေး အထူးအလေးပေးလိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက ဆန်ဈေးကွက်ဈေးနှုန်းထုတ်ပြန်ချက်(ဆန် ရည်ညွှန်းဈေးနှုန်း)များကို လစဉ် ထုတ်ပြန်ပေးလျက်ရှိသည်။

အဆိုပါ လစဉ်ထုတ်ပြန်သည့် ဆန်ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချရန်နှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ အရည်အသွေး မမှန်မကန်ရောင်းချခြင်းများမပြုလုပ်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဆန်စက်များ၊ ဆန်လက်လီလက်ကား အရောင်းဆိုင်များ၊ ပွဲရုံများ၊ ဆန်ကုန်သည်များနှင့် ဆန်လုပ်ငန်းရှင်များအား ထပ်ဆင့်နှိုးဆော်သတိပေးလျက်ရှိသည်။

သို့ရာတွင် ယခုကာလအတွင်း လူမှုကွန်ရက်စာမျက်နှာများတွင် ဆန်ဈေးနှုန်းများကို တိုးမြှင့်ရောင်းချသည့် ကြော်ငြာများအား တွေ့ရှိလာရခြင်း၊ ဈေးကွက်အတွင်း၌လည်း ဆန်ဈေးနှုန်းများကို ရည်ညွှန်းဈေးထက် ပိုမိုတိုးမြှင့်ရောင်းချမှုများကို တွေ့ရှိရခြင်း၊ အထူးသဖြင့် ရွှေဘိုပေါ်ဆန်း၊ဧရာဝတီပေါ်ဆန်းများကို စပါးသစ်ပေါ်ချိန်တွင် ဈေးမြင့်တင်ရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုအချို့ကို ကြားသိရကြောင်း MRF က ဆိုသည်။

သို့ပါ၍ ပြည်တွင်းစားသုံးမှုများသည့် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်း၊ ဧရာမင်း၊ ဧရာပဒေသာ၊ မဂျမ်းတော၊ မနောသုခ စသည့် ဆန်အမျိုးအစားကို သိုလှောင်ဈေးကစားမှုများ(လုံးဝ) မပြုလုပ်ရန်နှင့် ရည်ညွှန်းဈေးသက်မှတ်ချက်အတိုင်းသာ ရောင်းဝယ်ရန် ထပ်မံ၍တိုက်တွန်းနှိုးဆော်အသိပေးလာခြင်း ဖြစ်သည်။

အဆိုပါ ပြည်တွင်းစားသုံးမှုများသည့် ဆန်များကို ပြည်ပတင်ပို့မှုလုံးဝမရှိဘဲ ပြည်တွင်း၌သာ ပစ္စည်းမှန်၊ဈေးမှန်ရောင်းဝယ်ကြသည့် ဆန်များဖြစ်သည်။ထို့သို့ ပြည်တွင်းစားသုံးသည့် ဆန်များကို ပို့ကုန်တင်ပို့၍ ဈေးတက်ခြင်း၊ သဘာဝဘေးဒဏ်ကြောင့် အထွက်နှုန်းများ ကျဆင်းသည်ဆိုသော ဈေးမြှင့်တင်ရန် ရည်ရွယ်ချက်ရှိရှိဖြင့် အချို့သောကုန်သည်များမှ ထုတ်ပြန်လာသည့် သတင်းမှားFake News များဖြစ်ကြောင်း MRF က ထုတ်ပြန်ထားသည်။


ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်အရ ဆန်တန်ချိန် ၂၅ တန်နှင့် အထက် (သို့မဟုတ်) စပါးတင်း ၂၅၀၀နှင့်အထက်သိုလှောင်မှုများအား Myanmar Rice Online-My Ro တွင် (၂၄-၁၂-၂၀၂၄) ရက်မတိုင်မီ မှတ်ပုံတင်စာရင်းသွင်းရမည်ဖြစ်ကြောင်း ထပ်မံနှိုးဆော်အသိပေးထားသည်။

သို့ဖြစ်ရာ ဆန်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းဝယ်ကြရန်နှင့် လိုက်နာမှုမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ(၅)အရ တရားစွဲဆိုခြင်း၊ ဒဏ်ငွေနှင့် အခွန်ငွေ သတ်မှတ်ပေးဆောင်စေခြင်းများကို ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



## မောင်ငြိမ်းအေး(မြစ်ခြေ)၏ မဟူရာညမှာ အပ်ပျောက်ရှာခြင်း ထွက်ရှိ





**မန္တလေး ဒီဇင်ဘာ ၅**

ဆရာမောင်ငြိမ်းအေး(မြစ်ခြေ)၏ "မဟူရာညမှာ အပ်ပျောက်ရှာခြင်း" စာအုပ် သရက်တစ်ပင်စာပေမှ ဆရာမောင်မြတ်(ချောက်)၏ စီစဉ်မှုဖြင့် ၂၀၂၄(စာဆိုတော်နေ့)တွင် စာဆိုတော်ကြီးများအား ဂုဏ်ပြုသောအားဖြင့် ထွက်ရှိလာသည်။

စာအုပ်တွင် ဒေါက်တာဦးသန်းထွန်း(ရွှေဘို)၏ မိတ်ဆက်စကား၊ ဆရာတင့်ထွန်း(ချောက်)၏ အမှာစာ၊ စာရေးသူ ဆရာမောင်ငြိမ်းအေး(မြင်းခြံ)၏ မေတ္တာပေးဝေ မှာတမ်းခြွေ၊ ဦးထိပ်ပန်ဆင် ကျေးဇူးတင်တို့နှင့်အတူ ပထမပိုင်း၊ ဒုတိယပိုင်းဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

ပထမပိုင်း "မျက်ဖြေလက်ာမွေးဖွားရာ သမိုင်းခြေရာကောက်" တွင် အခန်းပေါင်း (၁၁)ခန်းနှင့် ဒုတိယပိုင်း "မင်းနန်းသူ ရွာလေးမျက်နှာ သမိုင်းခြေရာကောက်" တွင် အခန်းပေါင်း (၁၅)ခန်းကို သမိုင်းအထောက်အထားများဖြင့် တင်ပြရေးသားထားပြီး စာမျက်နှာ (၃၄၀)၊ သုတေသနမှတ်တမ်းဓာတ်ပုံများ ပါရှိသည်။

"မဟူရာညမှာ အပ်ပျောက်ခြင်းစာအုပ်ကို ဖတ်ရှုမှတ်သားလိုက်ရရင် စာဖတ်သူတို့ စိတ်နှလုံးတွင် စွဲထင်လာခဲ့တဲ့ အရှုပ်အထွေးဟာ ရှင်းလင်းသွားမှာ အမှန်ဖြစ်ပါတယ်"ဟု ဆရာမောင်ငြိမ်းအေး(မြစ်ခြေ)က အတိအလင်းဆိုထားသည်။

ရာဇဝင်သမိုင်း စိတ်ဝင်စားသူများ မဖြစ်မနေ လက်စွဲဖတ်ရှုရမည့် စာအုပ်ဖြစ်ပြီး ထွန်းဦးစာပေ၊ နဂါးစာပေ၊ ညီစာပေ၊ မိုးကောင်းကင်စာပေ၊ စာပေလောက၊ ပန်းဆက်လမ်း၊ နှစ်ကာလများ စာပေ၊ ပခုက္ကူသား(ချောက်မြို့) တို့တွင် ငွေကျပ် ၁၅၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

(PNT)

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု စာဖတ်ဝိုင်း ကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာရေးဆရာ ဒေါက်တာခင်မောင်ညို ရေးသားသည့် "လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးဦးယုလီက အဖွင့်အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အထများ၊ အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် နှလုံးသားလှပသော လူငယ်များ ဖြစ်လာစေရန်ရည်ရွယ်၍ စာဖတ်ဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စာရေးဆရာ ဒေါက်တာခင်မောင်ညို ရေးသားသည့် "လူငယ်နှင့် အကောင်းဆုံးသောဘဝကို တည်ဆောက်ခြင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ အ-ထ-က (၄) မှ ကျောင်းသား၊ ကျောင်းသူများ ဖြစ်ကြသည့် Grade - 10 မှ မမြယွန်းသစ္စာက "လူငယ်နှင့် အောင်မြင်ခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-9 မှ မအိန္ဒြေသိန်းက "လူငယ်နှင့် တာဝန်သိမှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade - 10 မှ မောင်မျိုးချစ်က "လူငယ်နှင့် စူးစမ်းစိတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြရာ ပြင်ဦးလွင်ခရိုင် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင် စာရေးဆရာ ကိုရွှေအောင်သင်းနှင့် ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်း ခရိုင်ဒုဥက္ကဋ္ဌ ဒေါ်အေဇင်မေတို့က ဖြည့်စွက်ဆွေးနွေးပေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများကလည်း မိမိတို့၏ အမြင်များကို ချစ်ခင်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့်ပွဲတော် အထိမ်းအမှတ် အထက်တန်းအဆင့်၊ အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ကဗျာ ရေးစပ်ပြိုင်ပွဲ၊အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့သည့်အ-ထ-က (၄)မှ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအား စာရေးဆရာ ကိုရွှေအောင်သင်းက အမှတ်တရလက်ဆောင်စာအုပ်များ ပေးအပ်ခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်း ဆွေးနွေးပွဲသို့ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အ-ထ-က(၄)မှ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**သွေးသွေး(ခရိုင်ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀




ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့ ။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## မြန်မာ့အားကစား ဝင့်ဝင့်ကြွား

* နိုင်ငံတစ်လွှား
အားကစား
ဝင့်ကြွားစံမီ ကျင်းပပြီ ။

* အမျိုးသားရေး
ကြိုးစားပေး
ဟစ်ကြွေးသံချီ အားပေးမည် ။

* မြန်မာ့အားကစား
ဝင့်ဝင့်ကြွား
တို့များ စိတ်ဓာတ်ခိုင်မာသည် ။

* နိုင်ငံအားထား
မောင်မယ်များ
ရိုးသားခြင်းဖြင့် နိုင်ရမည် ။

* စံချိန်စံကောင်း
အားသစ်လောင်း
စုပေါင်းညီညာ ယှဉ်ပြိုင်မည် ။

* ရိုးသားကြိုးစား
လူငယ်များ
တရားသဖြင့် အောင်ပွဲရည် ။

* မြန်မာအားကစား
ကမ္ဘာလွှား
ဝင့်ကြွားမာန်ညီ ရှေ့သို့ချီ ။

* မြန်မာမှသည်
ကမ္ဘာရည်
အပြည်ပြည်ပြိုင်ပွဲ နိုင်ရမည် ။

* ကမ္ဘာ့စံမီ
ကြိုးစားမည်
တက်ညီလက်ညီ ယှဉ်ပြိုင်ပြီ ။

* ပဉ္စမအကြိမ်
ရောင်ဝင်းထိန်
ဂုဏ်သိရ်မြင့်မားပေတော့မည် ။ ။

**(ပဉ္စမအကြိမ် မြန်မာနိုင်ငံ အမျိုးသားအားကစားပွဲတော်ကြီးအား ဂုဏ်ပြုကြိုဆိုပါသည် ။)**

သျှင်သစ္စာ

# သတင်းပဒေသာ

## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပျဉ်းမနားမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသန်းထွန်းအောင်နှင့်ဝန်ထမ်းများက "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ယမန်နေ့ နံနက်ပိုင်းက ကင်ပွန်းတန်းကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ ဇေယျာသီရိဈေးတွင် ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား၊ ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်နှင့် ငှက်ပျောဖက်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မွေးစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက တောင်ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် တောင်သူများ စိုက်ပျိုးထုတ်လုပ်လုပ်မှု အဆင်ပြေစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၈)အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ဒီဇင်ဘာ ၃ရက် နံနက် ၁၀ နာရီက သမ္ဘရာကျေးရွာအုပ်စုမှ တောင်သူ ၇၈ ဦးတို့၏ စိုက်ဧက ၂၃၅ ဧကအတွက် ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်လျက်ရှိ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်း ဒေသခံပြည်သူများ စည်းကမ်းတကျ အမှိုက်စွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက မြို့ပြသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က အမှိုက်သိမ်းယာဉ်တစ်စီးဖြင့် မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောင်ရွက်ထားရှိသည့် စည်ပင်သာယာ ဈေးပတ်ဝန်းကျင်လမ်းဘေး(ဝဲ၊ ယာ)ရှိ အုတ်ရေနုတ်မြောင်းများရှိ သဲနုန်းနှင့်ရွှံ့နွံများ၊ သစ်ရွက်ခြောက်များနှင့် အမှိုက်သရိုက်များ၊ တောင်တွင်းကြီး-မြို့သစ်-နတ်မောက် ကားလမ်းဘေးဝဲ၊ ယာ ရေစီးရေလာကောင်းမွန်စေရေးအတွက် သဲနုန်းနှင့်ရွှံ့နွံများ ဆယ်ယူရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့နေ ဦးစောငြိမ်း + ဒေါ်မိုးမိုးဝေ သမီး မမိုးသံစဉ်၊ မဆန်းသစ်ဝေမိုး (၁၁)နှစ်ပြည့်မွေးနေ့၊ သား မောင်အောင်မင်းသန့် အောင်မြင့်သူ ကုမ္ပဏီလီမိတက်မိသားစုမှ ဆွမ်းအလှူငွေကျပ်လေးသိန်းကို ယမန်နေ့က လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုဓမ္မမဏိဇောတရေ ဦးစိုးလင်း၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏတို့မှ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ အလှူရှင်များလှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ကဆ)

## နယ်စပ်တောင်တန်းဒေသအတွက် ခြုံစောင်များ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ပဓာနနာယကဆရာတော်၊ နယ်စပ်တောင်တန်း-ဒေသနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ဆရာတော် ဘဒ္ဒန္တ တိက္ခအဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး)သို့ နယ်စပ်တောင်တန်းဒေသတွင် သာသနာပြုနေကြသည့် ဘုန်းကြီးကျောင်းပေါင်း ၁၅၈၃ ကျောင်း တည်ရှိနေရာ ယင်းကျောင်းများသည် တောင်ပေါ်အရပ်ဒေသ၊ အအေးပိုင်းဒေသဖြစ်၍ နှစ်စဉ် ခြုံစောင်များကို တစ်ထည်လျှင် ငွေကျပ် ခုနစ်ထောင်ဖြင့် ပေးလှူ လှူဒါန်းကုသိုလ်ပြုနေကြသည်။ (ယာပုံ)

အလှူရှင် မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ မသင်္ဂီမိသားစုက စောင်လေးထည်၊ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ ဒေါ်ရီရီ မိသားစုက စောင်ငါးထည်၊ မန္တလေး၊ ပုသိမ်ကြီးမြို့နယ်နေ ဦးထွန်းရွှေ +ဒေါ်ချင်ချွန်း မိသားစုက စောင်ငါးထည်၊ မန္တလေးမြို့နေ မိတ်ဆက် ဦးသန်း + ဒေါ်တင်အေး(မိတ်ဆက် ကားပစ္စည်းဆိုင်)မိသားစုက စောင်သုံးထည်၊ မန္တလေးမြို့နေ အန်တီ ကေတီ မိသားစုက စောင်တစ်ထည်၊ မန္တလေးမြို့နေ ဒေါ်ညိုညိုအား



ရည်စူး၍ သမီး မတင်တင်မြင့် မိသားစုက စောင်တစ်ထည်တို့ကို ယမန်နေ့က အသီးသီးလှူဒါန်းကုသိုလ်ပြုကြရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ဥက္ကဋ္ဌကိုယ်စား ကော်မတီဝင် ဒေါ်မာမာကြည်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ လှူဒါန်းကုသိုလ်ပြုလိုပါက ဖုန်းနံပါတ် ၀၉-၉၇၅၇၆၄၃၂၃၊ ၀၉-၄၀၂၆၉၂၅၂၂ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကဆ)

# စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် လစဉ် ဆရာတော်ထံမှ ဩဝါဒခံယူ



**မန္တလေး ဒီဇင်ဘာ ၅**

သာသနာပြုမင်းကြီး မင်းမြတ်အနော်ရထာ၏ မိဖုရား ရှမ်းမင်းသမီး စောမွန်လှ တည်ထားကိုးကွယ်ခဲ့သော မြတ်ဘက်ဘုရားပရိဝုဏ်ရှိ စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် လစဉ်ပြုလုပ်နေကြဖြစ်သော ဆရာတော်၏ ဩဝါဒခံယူပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ပဓာနနာယက တိုက်အုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒမှ ဩဝါဒစကားများ ချီးမြှင့်ခဲ့သည်။

နဂါးကိုးကောင်ဆရာတော်သည် လစဉ် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးတိုးတက်မှုများ စစ်ဆေးခြင်း၊ ဘာသာရေးယဉ်ကျေးမှုများ လမ်းညွှန်ခြင်း၊ သင်ကြားရေးစနစ်ကောင်းမွန်ပြည့်ဝရေးတို့ကို ညွှန်ကြားခဲ့ပြီး ထူးချွန်သော ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလည်း ထိုက်သင့်လျော်ညီစွာ ဆုချီးမြှင့်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ဆရာတော်က သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ (၂၄)နှစ်တိတိ ပြည့်မြောက်ခဲ့ပြီဖြစ်ရာ လာမည့်နှစ် ၂၀၂၅တွင် (၂၅)နှစ်ပြည့် ငွေရတုသဘင်ကို ကျင်းပနိုင်တော့မည်ဖြစ်သည်။ အဆိုပါကျောင်းတွင် KG မှ Grade-8 ထိ ကျောင်းသား၊ ကျောင်းသူ ၁၀၀၀ ခန့်ရှိရာ အဆိုပါကျောင်းသား၊ ကျောင်းသူများ ဘုရားဖူးလာစဉ်ပရိသတ်များ၊ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာကြီး-ဆရာလေးများအတွက် သောက်ရေ၊ သုံးရေများ သုံးဆောင်နိုင်ရန်အတွက် ရေတင်ရန် ဆိုလာပြားများ လိုအပ်လျက်ရှိနေသောကြောင့် အလှူခံလျက်ရှိသည်။

သို့ဖြစ်ပါ၍ ဆိုလာပြား အလှူရှင်များအနေဖြင့် ဆရာတော်ထံ ဖုန်း ၀၉-၂၀၃၂၂၄၇ နှင့် ၀၉-၄၀၂၅၉၈၃၅၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ကဆ)

## သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းသို့ ဆွမ်းအလှူငွေ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လစဉ် ထာဝရဆွမ်းအလှူငွေ လှူဒါန်းခြင်းကို ယမန်နေ့ ညနေ ၄ နာရီက ယင်းကျောင်းတွင် ပြုလုပ်သည်။

ဆွမ်းအလှူငွေ လှူဒါန်းခြင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ လစဉ် ထာဝရဆွမ်းအလှူငွေ လှူဒါန်းခြင်းအဖြစ် (၂၀၂၄ ခုနှစ် နိုဝင်ဘာလ)အတွက် ငွေကျပ်သိန်းနှစ်ဆယ်ကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန(မန္တလေး)မှ ဒေါ်မိုးမိုးတင်(ဒုတိယညွှန်ကြားရေးမှူး)က ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဥပဏ္ဍမ္ဘကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဦးချစ်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (၀၅၂)

# စမတ်မီတာစနစ်ဆိုသည်မှာ

မောင်မောင်စွယ်စုံထွန်း

Smart စမတ်မီတာစနစ်ဆိုသည်မှာ အလိုအလျောက် မီတာစနစ်ကိုခေါ်သည်။ မြန်မာနိုင်ငံတွင် AMI စနစ်ကို လက်ရှိ စမတ်မီတာစနစ်အဖြစ်အသုံးပြုလျက်ရှိပါသည်။ AMI စနစ်ဖြင့် မီတာအားလုံး လဲလှယ်တပ်ဆင်ထားပြီးသော မြို့တစ်မြို့အနေဖြင့် မီတာဖတ်လုပ်ငန်း အားလုံးကို ကွန်ပျူတာစနစ်ဖြင့်သာ လုပ်ဆောင်နိုင်ပြီး သမားရိုးကျ မီတာစနစ်နှင့် ကွဲပြားခြားနားသွားမည် ဖြစ်ပါသည်။

စမတ်မီတာအမျိုးအစားများစွာရှိသည့်အနက် Prepaid ကြိုပေးမီတာနှင့် Post Paid သုံးသလောက်ပေး မီတာဟူ၍ အဓိကအုပ်စုကြီး နှစ်ခုရှိသည်။ Prepaid မီတာသည် မီတာအတွင်းမှ Control လုပ်သော စနစ်ဖြစ်ပြီး ဗဟိုထိန်းချုပ်သည့်နေရာမှ အလွယ်တကူထောက်လှမ်းသိရှိနိုင်ခြင်း မရှိချေ။ ဖွံ့ဖြိုးပြီး နိုင်ငံအချို့နှင့် မသမာမှုနည်းပါးသောနိုင်ငံအချို့တို့တွင် လူကြိုက်များ၍ သုံးစွဲကြသည်။ မြန်မာနိုင်ငံကဲ့သို့ တရားမဝင်သုံးစွဲမှုများရှိနေသော နိုင်ငံတစ်နိုင်ငံအနေဖြင့် Prepaid မီတာအား အခြားသောအားသာချက်များ ရှိနေသော်လည်း လက်ရှိအချိန်တွင် သုံးစွဲရန်မသင့်လျော်သေးဘဲ Post Paid မီတာ (AMI စနစ်) အားသာသုံးသင့်သေးကြောင်း စာရေးသူအနေဖြင့် သုံးသပ်တွေ့ရှိရပါသည်။ မည်သည့်အတွက် AMI မီတာများ သုံးသင့်ပါသလဲဟုဆိုပါက AMI မီတာများသည် ပြင်ပမှ Control လုပ်၍ရသော မီတာများဖြစ်ပြီး မသမာမှုများကိုလည်း ဗဟိုထိန်းချုပ်သည့်နေရာမှ အလွယ်တကူထောက်လှမ်းသိရှိနိုင်သောကြောင့် ဖြစ်ပါသည်။ AMI စနစ်တွင် ဗဟိုထိန်းချုပ်သည့်နေရာမှ မီးသုံးသူ၏ လျှပ်စစ်မီးသုံးစွဲမှု အခြေအနေအား အချိန်နှင့်တစ်ပြေးညီသိရှိနေပြီး မသမာမှုများပြုလုပ်ရန် ခက်ခဲသည့်အားသာချက်ရှိပါသည်။ ဓာတ်အားခပေးသွင်းမှု မရှိခြင်းကဲ့သို့သော ကိစ္စရပ်များအတွက်လည်း ဗဟိုထိန်းချုပ်သည့် နေရာမှပင် အလွယ်တကူသိရှိ၍ မီးဖြတ်တောက်နိုင်သည်။ ထို့သို့သော အားသာချက်များကြောင့်သာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် Prepaid အမျိုးအစား စမတ်မီတာများအား ရွေးချယ်ခြင်းမပြုဘဲ Postpaid အမျိုးအစား စမတ်မီတာ (AMI မီတာ)များကိုသာ ရွေးချယ်အသုံးပြုခဲ့ခြင်းဖြစ်၍ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် လဲလှယ်ဆောင်ရွက်ပေးလျက်ရှိခြင်းလည်းဖြစ်ပါသည်။

ပထမဆုံးသော AMI စမတ်မီတာစနစ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်တွင် ၁.၈.၂၀၁၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြို့နယ်လုံးကျွတ် မဆောင်ရွက်နိုင်ခဲ့ဘဲ ၁.၁၂.၂၀၁၈ ရက်တွင်မှ ပန်းဘဲတန်းမြို့နယ်၌ ပြီးပြည့်စုံသော AMI စနစ်တစ်ရပ်ကို မြို့နယ်လုံးကျွတ် ပထမဦးဆုံးဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ယခုအခါ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် မြို့နယ်ပေါင်း (၅၈) မြို့နယ်ရှိသည့်အနက် Fully AMI စနစ်ဆောင်ရွက်ပြီးသည့် မြို့နယ်ပေါင်း (၂၀)မြို့နယ်ရှိ၍ Fully AMI စနစ်မဆောင်ရွက်နိုင်သေးသော်လည်း Automatic Billing စနစ်ဆောင်ရွက်ပြီး မြို့နယ် (၃၆)မြို့နယ်အထိ ရှိလာပြီဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရန်ကုန်မြို့တွင် AMI စနစ်အား ရာနှုန်းပြည့် ပြောင်းလဲတပ်ဆင်နိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မန္တလေးနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြို့ကြီးများတွင် ပြောင်းလဲတပ်ဆင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ၍ ဓာတ်အားပျောက်ဆုံးမှုများအား အတတ်နိုင်ဆုံး လျှော့ချသွားနိုင်ရေး အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

AMI စနစ်ဖြင့် ဆောင်ရွက်ပြီးမြို့နယ်များတွင် မိုဘိုင်းဖုန်းဖြင့် အသုံးပြုရသော Mebill Application ဖြင့် ဘားကုဒ်မှတဆင့် မိမိတို့အသုံးပြုနေသော မည်သည့်ဘဏ်နှင့်မဆို Online မှတစ်ဆင့် ငွေပေးဆောင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အပြည့်အဝဆောင်ရွက်နိုင်လာမည်ဆိုပါက ဌာနအနေဖြင့် မီတာဘေလ်ဝေရန်ပင် မလိုအပ်တော့ဘဲ ပြည်သူများအနေဖြင့် မိုဘိုင်းဖုန်းမှပင် မိမိတို့အသုံးပြုသော ဓာတ်အားခကိုသိရှိနိုင်ပြီး Online မှ တိုက်ရိုက်ပေးချေသွားနိုင်မည်ဖြစ်ရာ ဝန်ထမ်းအင်အားကို များစွာလျှော့ချနိုင်လာနိုင်တော့မည် ဖြစ်ပါသည်။

AMI မီတာစနစ်ဆိုသည်မှာ စမတ်မီတာစနစ်ဖြစ်၍ နည်းပညာကိုသာ အခြေပြုဆောင်ရွက်ပြီး မီတာဖတ်ရာတွင် လျှပ်စစ်ပုံစံများပြုစုခြင်းနှင့် ဓာတ်အားခငွေကောက်ခံခြင်း လုပ်ငန်းစဉ်များ အားလုံးသည် အလိုအလျောက်စနစ်ဖြစ်၍ မှားယွင်းမှုမရှိသလောက် နည်းပါးပါသည်။အချိန်နှင့် တစ်ပြေးညီဆောင်ရွက်နိုင်၍ အလွယ်တကူဆောင်ရွက်နိုင်ပြီး







❑ Ever AMI စနစ်သည် စီမံခန့်ခွဲမှုကွန်ရက်ဖြစ်၍ မီတာများကိုသာမက အနာဂတ်ကာလတွင် ရေမီတာ၊ ဂက်စ်မီတာ စသည်များကိုလည်း အဆိုပါကွန်ရက်တွင် ပေါင်းစပ်အသုံးပြုနိုင်ပါသည်။

ပြည်သူသို့ ဝန်ဆောင်မှုပေးရာတွင် ထိရောက်ကောင်းမွန်သော စနစ်တစ်ခုဖြစ်ကြောင်းတွေ့ရှိရပါသည်။

AMI မီတာစနစ်တွင် Sim Card ထည့်သွင်းအသုံးပြုရသော Data Concentrator Unit ခေါ် DCU Box များပါရှိပြီး Internet လိုင်းကို အသုံးပြု၍ မီတာ (၁၀၀)ခန့် အကွာအဝေးအတွင်းရှိ မီတာအားလုံး၏ Data များကို အလိုအလျောက်ချိတ်ဆက်၍ ဆောင်ရွက်နိုင်သည်။ Drone Jumner များနှင့်နီးကပ်ခြင်းနှင့် အခြား Internet လိုင်း အနှောင့်အယှက်များရှိလျှင်သာ အလိုအလျောက်ဖတ်ရှုရန် အခက်အခဲအနည်းငယ်ရှိသော်လည်း အဆိုပါမီတာအနီးမှ ဖတ်စက်ဖြင့် သွားရောက်ဖတ်ရှုနိုင်ပြီး လူမနေအိမ်ပိတ်ထားသော အိမ်မျိုးများတွင် မီတာကို အလွယ်တကူဖတ်ရှုနိုင်သည့် အားသာချက်ရှိပါသည်။ မီးသုံးသူများမှ တရားမဝင်ဆောင်ရွက်မှု တစ်ခုခုပြုလုပ်လျှင်လည်း ဗဟိုထိန်းချုပ်သည့်နေရာမှ ချက်ချင်းအလွယ်တကူသိရှိနိုင်၍ ချက်ချင်းအရေးယူဆောင်ရွက်နိုင်ပါသည်။ AMI မီတာစနစ်သည် e-government ဖော်ဆောင်မှုကိုများစွာ အထောက်အကူပြုစေပြီး ပြည်တွင်းရှိ မည်သည့်ဘဏ်နှင့်မဆို ချိတ်ဆက်၍ Online Payment စနစ်ဖြင့် ဓာတ်အားခပေးဆောင်နိုင်မည်ဖြစ်၍ Digital Currency စနစ်အား များစွာအကျိုးဖြစ်ထွန်းလာစေပါမည်။ Ever Digital မီတာများအား စတင်ထုတ်လုပ်သည့် ၂၀၁၂ ခုနှစ်မှစ၍ ယနေ့အထိ နည်းပညာမြင့်မားစွာဖြင့် အသုံးပြုနိုင်ရေး တစ်စိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သော Ever မီတာကုမ္ပဏီသည် AMI မီတာများအား ကိုယ်ပိုင်ရေးဆွဲထားသော Software များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် မီးသုံးသူများ၏ Data များသည် ပြည်ပနိုင်ငံများသို့ သတင်းပေါက်ကြားခြင်းမျိုးမှလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ပြည်တွင်းကုမ္ပဏီဖြစ်၍ ထုတ်လုပ်မှု စရိတ်လည်း များစွာလျှော့နည်းလာစေနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် Load Monitoring ပြုလုပ်နိုင်၍ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများအား အချိန်မီပြုပြင်ရန်နှင့် တိုးချဲ့ဆောင်ရွက်ရန်အတွက်လည်း လုပ်ငန်းများကို ကြိုတင်ပြင်ဆင်နိုင်ပြီး ပျက်စီးဆုံးရှုံးမှုများမှ ကြိုတင်ကာကွယ်ပေးနိုင်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာပုံစံနှင့် အချက်အလက်များအား Server တွင်သိမ်းဆည်းထားနိုင်၍ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးကြည့်ရှုနိုင်ခြင်းနှင့် စာရွက်စာတမ်းစစ်ဆေးရန် လိုအပ်ပါကလျှင်မြန်စွာ Print ထုတ်၍ လုပ်ဆောင်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။ ယခုအခါ (MEB) (Myanmar Electric Bill) Software ကို အခြေခံ၍ မိုဘိုင်းဖုန်းဖြင့် အသုံးပြုနိုင်သော Mebill Application ကို တီထွင်ဆောင်ရွက်လျက်ရှိရာ အပြည့်အဝဆောင်ရွက်ပြီးစီးလာမည်ဆိုပါက မီတာဘေလ်ဝေရန်ပင် မလိုတော့ဘဲ Barcode အားဖတ်ပြီး Mobile Banking တစ်ခုခုမှ တစ်ခါတည်း ကျသင့်ငွေကို အောင်ဘာလေ အွန်လိုင်းထီလက်မှတ်ဝယ်သကဲ့သို့ Online မှ တိုက်ရိုက်ပေးဆောင်လာနိုင်တော့မည် ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုရပါလျှင် Mebill Application သာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့မည်ဆိုပါလျှင် AMI စနစ်အသုံးပြုနိုင်သော မြို့နယ်များတွင် ပြည်သူများသည် မိမိတို့သုံးစွဲသော ဓာတ်အားယူနစ်ပမာဏကို လက်ကိုင်ဖုန်းမှတစ်ဆင့် အချိန်မရွေးကြည့်ရှုစစ်ဆေးသွားနိုင်တော့မည်ဖြစ်၍ သုံးစွဲယူနစ်များအတွက် စိတ်ကျေနပ်မှုကိုရရှိစေလာမည်ဖြစ်သည့်အပြင် မိမိ၏ဝင်ငွေကို ချင့်ချိန်၍ ဓာတ်အားကိုလည်း ချွေတာသုံးစွဲနိုင်လာတော့မည်ဖြစ်ပါသည်။ ဌာနနှင့် မီးသုံးသူပြည်သူများအတွက် နှစ်ဖက်မြင်သာမှုရှိပြီး ပွင့်လင်းမြင်သာမှုကို ရရှိစေပါမည်။ ပြည်တွင်းရှိ မည်သည့်ဘဏ်နှင့်မဆို Online ဖြင့် ချိတ်ဆက်၍ Mobile ဖုန်းမှတစ်ဆင့်လွယ်ကူစွာ ဓာတ်အားခများပေးဆောင်လာနိုင်တော့မည်ဖြစ်၍ လုံခြုံဘေးကင်းပြီး စိတ်ချရမှုလည်းရရှိလာစေပါသည်။ လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ မီးဖြတ်မီးဆက်ပြုလုပ်နိုင်ပြီး ပြည်သူများအတွက် စိတ်ချမ်းမြေ့ကျေနပ်ဖွယ်ရာ ဝန်ဆောင်မှုများကို အပြည့်အဝရရှိ ခံစားလာစေနိုင်တော့မည်ဖြစ်ပါကြောင်း AMI ဟုခေါ်သော စမတ်မီတာများအကြောင်း စာရေးသူ၏ အမြင်အား ဗဟုသုတဖြစ်စေရန်အလို့ငှာ တစေ့တစောင်း ရေးသားတင်ပြလိုက်ရပါသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) မှ

# ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား

## သို့ တက်ရောက်ပေးပါရန် ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)၏ ၂၀၂၅-၂၀၂၇ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်(အသစ်) ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့အထိ နှစ်စဉ်ကြေး ပေးသွင်းပြီးသူများ)အားလုံး (လူကြီးမင်းကိုယ်တိုင်) တက်ရောက်ပေးနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | – | (၁၈–၁–၂၀၂၅) စနေနေ့ |
| ကျင်းပမည့်အချိန် | – | နံနက်(၀၉:၀၀ နာရီမှ နေ့လယ်(၁၂:၀၀)နာရီအထိ (နံနက် – ၈:၃၀ နာရီ ကြိုတင်နေရာယူပေးပါရန်) |
| ကျင်းပမည့်နေရာ | – | မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) HALL ခန်းမ၊ ၇၈ လမ်း၊ ၃၄ လမ်းထောင့်၊ ရတနာပုံ ရူပါစင်တာ (၄)လွှာ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |

မှတ်ချက် ။ ။ အသင်းဝင်ကတ်ပြားယူဆောင်လာပြီး တက်ရောက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
မန္တလေးတိုင်းဒေသကြီး


## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ သလဲကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၃၄/က)တွင် တည်ရှိသော ဦးပိုင်အမှတ်(၄၀/၁+၄၁)၊ ဧရိယာ(၀ ဒသမ ၃၆)ဧက အကျယ်အဝန်းရှိ ဒေါ်တင်နု အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်နု (ဘ)ဦးထွန်းလှ(၅/ရဘန(နိုင်)၀၁၀၇၅၂)က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

| ဦးမျိုးမင်းအောင်(LL.B) | ဦးစိုင်းဆိုင်မိန်း(LL.B) | ဒေါ်အေးအိနိုင်(LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်(၅၆)၊ ၃၇(စီ)လမ်း၊ ၆၇(အေ)နှင့် ၆၈(အေ)လမ်းကြား၊ အပိုင်း(၄)၊
မဟာမြိုင်(၁)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉–၉၆၇၆၇၀၅၂၃၊ ၀၉–၇၉၇၁၄၇၄၆၈

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၇)၊ ဦးပိုင်အမှတ်(၄၉-က)၊ ဧရိယာ(၀ ဒသမ ၀၁၅၅)ဧက အကျယ်အဝန်းရှိသော မြေကွက်အား ဦးဌေးလွင် အမည်ဖြင့် ရရှိထားသောမြေကွက် ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ကို ဦးမောင်မောင်အေး(ဘ)ဦးဒူစမတ် (၉/မရမ(နိုင်)၀၂၇၅၉၂)သည် (၂၀-၁၁-၂၀၁၂)ရက်က မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်ကတိသစ္စာပြုလွှာအမှတ် (၂၉၇၅/၂၀၁၂)အရ တရားဝင်ပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အထက်ပါ မှတ်ပုံတင်ကတိသစ္စာပြုလွှာအမှတ်(၂၉၇၅/၂၀၁၂)စာချုပ်မူရင်းသည် ဦးမောင်မောင်အေး၏ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာရုံးတွင် ဦးမောင်မောင်အေးမှ မိတ္တူမှန်ကူးယူ၍ တရားဝင်ပြန်လည်ဖျက်သိမ်းမည်ဖြစ်ရာ မှတ်ပုံတင်ကတိသစ္စာပြုလွှာအမှတ်(၂၉၇၅/၂၀၁၂)အား ပြန်လည်ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာရုံးဌာနများသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်ပုံတင်ကတိသစ္စာပြုလွှာအား တရားဝင်ပြန်လည်ဖျက်သိမ်းမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်မောင်အေး
(၉/မရမ(နိုင်)၀၂၇၅၉၂)
အကွက်(ဗ–၇)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၀)၊ ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးမောင်လှ အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အိမ် တစ်လုံးအပါအဝင် မြေပေါ်-မြေအောက်နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက ဂရန်အမည်ပေါက်သူ ဦးမောင်လှထံမှ စာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဒေါ်လှမွှံ(ဘ)ဦးစံညိမ်း(၁၃/နမတ(နိုင်)၀၁၆၁၆၆)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ချစ်စိန် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၂၆၆)
၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။ ဖုန်း ၀၉–၄၄၀၉၉၇၇၈၈ ၊ ၀၉–၉၇၂၉၀၇၇၈၈

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၉)၊ ဦးပိုင်အမှတ်(၂-က)၊ ဧရိယာ(၀ ဒသမ ၀၄၀၅)ဧက အကျယ်အဝန်းရှိသော ဒေါ်မိ အမည်ပေါက် ဘိုးဘပိုင်မြေကွက်၏ တောင်ဘက်ခြမ်းဧရိယာ(၈၁ လမ်း မျက်နှာပြု ၁၇ ပေ× ၃၈ ပေ)အကျယ်အဝန်းရှိသော ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁)ဦးအောင်ကျော်မိုး(ဘ)ဦးအောင်ဝေ(၉/မနမ(နိုင်)၀၃၀၁၆၆)၊ (၂)ဒေါ်ဟေမာန်ဝင်းမောင်(ဘ)ဦးဝင်းမောင်(၈/ပခက(နိုင်)၁၄၃၅၃၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
ဒေါ်ခင်နီနီစိုး (LL.B)
(တရားလွှတ်တော်ရှေ့နေ)
Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။
ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029
ladylawyer. khinninisoe @ gmail. com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လို...

❖ သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၅

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီ ၅၁ ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ သို့

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကျင်းပစဉ်။

## ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှု အကြိမ် ၆၀ ထိ ပြုလုပ်နိုင်သည့် ပထမဆုံးနောက်ခံကစားသမားအဖြစ် အလက်ဇန္ဒားအာနိုးလ် မှတ်တမ်းဝင်



**လီဗာပူး ဒီဇင်ဘာ ၅**

လီဗာပူးအသင်း နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးဖန်တီးမှု အကြိမ် ၆၀ ထိပြုလုပ်နိုင်သည့် ပထမဆုံးနောက်ခံကစားသမားအဖြစ် စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းနှင့် နယူးကာဆယ်အသင်းတို့ တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် ဂိုးဖန်တီးမှု ၂ ကြိမ်ပြုလုပ်နိုင်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၃၂၇ ပွဲကစားကာ ၁၉ ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၂၆)နှစ်အရွယ်ရှိ အလက်ဇန္ဒားအာနိုးလ်က "ကျွန်တော်အခုလို မှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်နိုင်တာကိုလည်း အလွန်ပျော်ရွှင်မိပါတယ်။ ဒီအသင်းမှာ ကစားရတာလည်း အလွန်ပျော်ရွှင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာကိုလည်း ရယူသိမ်းပိုက်သွားချင်ပါတယ်" ဟုပြောသည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ၁၄ ပွဲကစားအပြီးတွင် ရမှတ် ၃၅ မှတ်ဖြင့် အဆင့် ၁ နေရာတွင် ရပ်တည်ပြီး ချန်ပီယံဆုကို ဆွတ်ခူးရန်လည်း ရေပန်းစားဆုံးအသင်း ဖြစ်နေခဲ့သည်။

(NGB)

• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။